သင်တန်းလက်စွဲ

# အခင်းအကျင်းအပေါ်အကဲဆတ်သည့် သုတေသနနည်းလမ်းများ

စက်တင်ဘာလ ၂၀၂၂



MRLG
MEKONG REGION
LAND GOVERNANCE

covenant consult

## အသိအမှတ်ပြုခြင်း

ဤသင်တန်းလက်စွဲကို မြန်မာနိုင်ငံတွင် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အသိအမှတ်ပြုခြင်းဆိုင်ရာ မဟာမိတ်အဖွဲ့ ဝင်များဖြစ်သည့် Point (Promotion of Indigenous and Nature Together)၊ SaNaR (Save the Natural Resource)၊ IPP(Indigenous Peoples Partnership)၊ LCG(Land Core Group) (နှင့် ၎င်းတို့၏ မိတ်ဖက် များဖြစ်သည့် Green Network – Than Lwin Thitsar နှင့် Ethnic Women Organization)၊ RECOFTC Myanmar (The Centre for People and Forests)၊ Tripnet (Tenasserim River and Indigenous People Networks)၊ KMSS (Karuna Mission Social Solidarity)၊ အခြားမိတ်ဖက်အဖွဲ့များဖြစ်သည့် GRET၊ Namati တို့နှင့် ပူးပေါင်း၍ အကျယ်တဝင့်ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ မိတ်ဖက်အဖွဲ့ အစည်းများအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဇူလိုင်လ၊ ၂၀၂၂ ခုနှစ်တွင် Covenant Consult ကပံ့ပိုးပြီး MRLG ထောက်ပံ့ကူညီခဲ့ကာ ဤလက်စွဲသည်အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၏ရလဒ် ဖြစ်ပါသည်။

## အကြံပြုကိုးကားချက်

Covenant Consult (2022). *Context Sensitive Research Methods*. Training Manual. Yangon: Covenant Consult, Mekong Region Land Governance

## အချက်အလက်ပြပုံများနှင့်ဓါတ်ပုံ

GSDRC Applied Knowledge Services, Anthony Tuil (Unsplash)

## layout ဒီဇိုင်း

Nang Jar Mai, Saw Larry James

Creative Commons Attribution-NonCommercial-ShareAlike 4.0 International License မှလိုင်စင်ခွင့်ပြုထားပါသည်။

## မသက်ဆိုင်ကြောင်းကြေညာချက်

ဤရေးသားထုတ်ဝေမှုတွင်ပါရှိသည့် အမြင်များ၊ အယူအဆများနှင့် အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် ရေးသားပြုစု သူများနှင့်အားဖြည့်ပါဝင်သူတို့ထံမှဖြစ်ပါသည်။ ၎င်းတို့သည် SDC၊ ဂျာမနီနှင့် လူဇင်ဘတ်နိုင်ငံမှအရာရှိများ၏ တရားဝင်/တရားမဝင် ထင်မြင်ယူဆချက်များ သို့မဟုတ် ရည်တည်ချက်များကို ကိုယ်စားမပြုပါ။

မျက်နှာဖုံး – ကလောမှအင်းလေးသို့လမ်းလျှောက်ထွက်ခြင်း // https://unsplash.com/photos/J8xxZ8dqrzM မှကူးယူဖော်ပြသည်။

စီစဉ်သူ

**Mekong Region Land Governance**
Unit 11, House No. 262, Ban Saphanthong Kang,
Sisattanak District, Vientiane Capital, Lao PDR
PO Box 2973, Vientiane, Lao PDR 01000
Phone: +856 21 454 807
Email: info@mrlg.org
Web: www.mrlg.org

ပံ့ပိုးကူညီသူ

**Covenant Consult GmbH**
Potsdamer Str. 35, 14542 Werder (Havel), Germany

Handelsregisternummer: HRB 36215 P
Steuernummer: 048/107/06223

Principal Contact: Tim Schroeder
Email: info@covenant-consult.com
Web: www.covenant-consult.com

# မာတိကာ


စာမျက်နှာ

- အသိအမှတ်ပြုခြင်း ...... ၂
- 1 နိဒါန်း ...... ၅
- 2 သင့်သင်တန်းကိုစီစဉ်ခြင်းနှင့်လုပ်ဆောင်ခြင်း – အဓိကထည့်သွင်းစဉ်းစားချက်များနှင့်အကြံပြုချက်များ ...... ၆
- 3 အရေးပါသည့်အသုံးအနှုန်းများနှင့်အယူအဆသဘောတရားများ ...... ၇
- 4 CONTEXT SENSITIVITY ကိုလက်တွေ့လေ့လာဆောင်ရွက်ခြင်း ...... ၉
  - ၄.၁။ Context Sensitivity ဆိုင်ရာလေ့လာသုံးသပ်မှု – အဆင့် ၁။ သင်သုတေသနပြုလုပ်မည့် Context ကို နားလည်သဘောပေါက်ခြင်း ...... ၉
  - ၄.၂။ လက်တွေ့ကျသည့်စဉ်းစားချက်များ ...... ၉
  - ၄.၃။ Context Sensitivity ဆိုင်ရာလေ့လာသုံးသပ်မှု – အဆင့် ၂။ သုတေသနစီမံချက်နှင့်  Context အကြား အပြန်အလှန်သက်ရောက်မှုများကို နားလည်ခြင်း ...... ၁၅
  - ၄.၄။ Context Sensitivity ဆိုင်ရာလေ့လာသုံးသပ်မှု – အဆင့်၃။ သုတေသနစီမံချက်နှင့် Context အကြား အပြန်အလှန်သက်ရောက်မှုအပေါ်နားလည်မှုကိုအခြေခံ၍ ဆိုးကျိုးသက်ရောက်မှုကိုရှောင်ကျဉ်နိုင်ရန်နှင့် ကောင်းကျိုးသက်ရောက်မှုအမြင့်ဆုံးရရှိရန် ဆောင်ရွက်ခြင်း ...... ၁၆
  - ၄.၅။ လက်တွေ့အသုံးချခြင်း – Context Sensitive သုတေသနအင်တာဗျူးအတွက်စာရင်း ...... ၁၉
- 5 အချက်အလက်ယုံကြည်စိတ်ချရမှု ...... ၂၀
  - ၅.၁။သင့်အချက်အလက်များသည် မည်မျှယုံကြည်စိတ်ချရပြီး မတူညီသည့်သက်ဆိုင်ပါဝင်သူများက သုတေသီများ အပေါ်မည်သို့ရှုမြင်ကြပါသလဲ။ ...... ၂၀
  - ၅.၂။ လူမှုဆိုင်ရာလက်ခံမှုအရာဘက်လိုက်မှု ...... ၂၀
  - ၅.၃။ လူမှုဆိုင်ရာလက်ခံမှုအရာဘက်လိုက်မှုကိုလျော့ပါးစေခြင်း ...... ၂၀
  - ၅.၄။ အရည်အသွေးဆိုင်ရာအချက်အလက်များကိုလေ့လာသုံးသပ်ရာတွင် ဘက်လိုက်မှုများကို လျှော့ချရန် နည်းလမ်းများ ...... ၂၀
- 6 အဖွဲ့အစည်း၏ဖွဲ့စည်းတည်ဆောက်မှုများ – ကတိကဝတ်မှသည် လက်တွေ့ကျင့်သုံးခြင်းဆီသို့ ...... ၂၂
- 7 ဒီဂျစ်တယ်ဆိုင်ရာလုံခြုံမှု ...... ၂၃
  - ၇.၁။ အဓိကစဉ်းစားရန်အချက်များ ...... ၂၃
  - ၇.၂။ ဒီဂျစ်တယ်လုံခြုံရေးဆိုင်ရာအရေးပါသည့် ရင်းမြစ်များ ...... ၂၃
- 8 သင်တန်းသူ/သားများအချင်းချင်းအပြန်အလှန်လေ့လာသင်ယူခြင်း ...... ၂၄
- 9 သင်တန်း/အလုပ်ရုံဆွေးနွေးပွဲကို မှတ်ချက်ပေးခြင်း ...... ၂၄
- အသုံးဝင်သည့်ရင်းမြစ်များ ...... ၂၅
- နောက်ဆက်တွဲ ...... ၂၅

# ၁ နိဒါန်း

ဤသင်တန်းလက်စွဲသည်ခက်ခဲသည့်အခြေအနေများတွင်သုတေသနစီမံချက်များကိုချဉ်းကပ်ပြုလုပ်လိုသူအရပ်ဖက်အဖွဲ့အစည်းသုတေသီများအတွက်၎င်းတို့အပေါ်တွင်ဖြစ်စေ၊ သုတေသနတွင်ပါဝင်သူများအပေါ်တွင်ဖြစ်စေအန္တရာယ်မဖြစ်ပေါ်စေရေး နည်းလမ်းများပေးအပ်ရန်ရည်ရွယ်သည်။

ဤသင်တန်းတွင်တက်ရောက်ပါဝင်သူများသည်အခင်းအကျင်းအပေါ်အကဲဆတ်ခြင်း (context sensitivity) ဆိုင်ရာအယူအဆများကိုနားလည်သဘောပေါက်ပြီး၎င်းတို့၏သုတေသနစီမံချက်များတွင်စနစ်တကျလက်တွေ့ကျင့်သုံးတတ်လာစေရန်လည်းရည်ရွယ်ပါသည်။

သင်တန်းအစီအစဉ်တစ်ရပ်ကိုရေးသားဖော်ပြထားပြီးသင်တန်းတွင်ဖြစ်နိုင်သမျှအများပါဝင်စေခြင်း၊ အလုပ် ရုံဆွေးနွေးပွဲပုံစံဖြင့်ပြုလုပ်ခြင်း၊ အုပ်စုလိုက်လေ့လာဆွေးနွေးမှုများပြုလုပ်ခြင်းနှင့်သင်တန်းသူ/သားများအားလုံးကသင်တန်းအစမှအဆုံးအထိတက်ရောက်ပါဝင်ခြင်းတို့ရှိပါကဤသင်တန်းသည်အဆင်ပြေချောမွေ့ပြီးစိတ်ဝင်စားဖွယ်အကောင်းဆုံးသောသင်တန်းတစ်ခုလည်းဖြစ်ပါလိမ့်မည်။သို့ပါသော်လည်းဤသင်တန်းကိုအွန်လိုင်းမှသာပြုလုပ်နိုင်ဖွယ်ရှိသည်ဟုလည်းနားလည်သဘောပေါက်ပါသည်။အွန်လိုင်းသင်တန်းဖြစ်ပါက အများပါဝင်ဆွေးနွေးမှုနည်းလမ်းဖြင့် သင်တန်းတက်ရောက်သူများအကောင်းဆုံးလေ့လာနိုင်ရန်အတွက်အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် တစ်ဦးနှင့်တစ်ဦးသက်တောင့်သက်သာရှိစွာဆွေးနွေးနိုင်သည့် သင်တန်းသူ/သားများ ဖြစ်ရန် အရေးကြီးပါသည်။

လူတွေ့သင်တန်းမှာကဲ့သို့ပင် သင်တန်းပံ့ပိုးကူညီသူ (facilitator)သည် သင်တန်းကိုတက်ကြွစွာပံ့ပိုးကူညီပေး ရန်၊ သင်တန်းတက်ရောက်သူများ စဉ်ဆက်မပြတ်အာရုံစိုက်ပါဝင်နိုင်စေရန်နှင့် မိမိတစ်ဦးတည်းကသာ “ဟောပြောပို့ချနေခြင်း” မျိုးမဖြစ်ရန် အရေးကြီးသည်- အားလုံးအာရုံစိုက်ပါဝင်မှုသည် အခရာအကျဆုံးပင်ဖြစ် သည်။ အွန်လိုင်းသင်တန်းဖြစ်ပါလျှင်လည်း သင်တန်းတက်ရောက်သူများအား အပြည့်အဝပါဝင်နိုင်ရေး အတွက် ဖြစ်နိုင်သမျှ ကင်မရာဖွင့်၍ပါဝင်ရန် တိုက်တွန်းသင့်ပါသည်။

အခင်းအကျင်းအပေါ်အကဲဆတ်သည့်သုတေသနသင်တန်းလုပ်ငန်းစဉ်တစ်ရပ် (context sensitive research training process)ကို အောက်ပါအတိုင်း နမူနာဖော်ပြထားပြီး သင်တန်းကို ပို၍ထင်သာမြင်သာရှိစွာပုံဖော်နိုင် ရေးရည်ရွယ်ချက်ဖြင့်သာ ဖော်ပြထားခြင်းဖြစ်သည်။ ၅ ရက်တာသင်တန်းအစီအစဉ်များကိုခြုံငုံဖော်ပြထားပြီး ဤသင်တန်းလက်စွဲတွင် ရှင်းလင်းတင်ပြထားသည့်အပိုင်းများကိုထင်ဟပ်မှုရှိသည်။ ရနိုင်သည့်အချိန်နှင့်လိုက် လျော်ညီထွေဖြစ်အောင် သင်တန်း ၅ ရက်ကို ချိန်ညှိနိုင်ပါသည်။

## သင်တန်းအစီအစဉ် နမူနာ

| ပထမနေ့ | ဒုတိယနေ့ | တတိယနေ့ | စတုတ္ထနေ့ | ပဉ္စမနေ့ |
|---|---|---|---|---|
| မိတ်ဆက်ခြင်း၊ မျှော်လင့်ချက်များ၊ ရည်ရွယ်ချက်များ | Day 1 တွင်လေ့လာခဲ့ သည်များကို အနှစ်ချုပ် ပြန်လည်ဆွေးနွေးခြင်း | Day 2 တွင်လေ့လာခဲ့ သည်များကို အနှစ်ချုပ် ပြန်လည်ဆွေးနွေးခြင်း | Day 3 တွင်လေ့လာခဲ့ သည်များကို အနှစ်ချုပ် ပြန်လည်ဆွေးနွေးခြင်း | Day 4 တွင်လေ့လာခဲ့ သည်များ ကို အနှစ်ချုပ် ပြန်လည်ဆွေးနွေး ခြင်း |
| အခင်းအကျင်း အပေါ် အကဲဆတ်ခြင်း (context sensitivity) ဆိုင်ရာအဓိက သဘောတရား/အယူအဆ များ | အခင်းအကျင်းလေ့လာ သုံးသပ်မှု (Context analysis) ကိုအသုံးပြုခြင်း | အချက်အလက်ကောက်ယူ ခြင်း | သင်တန်းသူ/သားများ အချင်းချင်းလေ့လာ သင်ယူခြင်း(peer-to-peer learning)နှင့် သင်ခန်းစာ မျှဝေခြင်း(lesson sharing)- ချဉ်းကပ်မှုများ၊ လုပ်ငန်းစဉ်များ၊အစီအစဉ် ရေးဆွဲခြင်း၊ ဘတ်ဂျက်၊ ဘေးကင်းလုံခြုံရေးနှင့် သင်တန်းသူ/သားများ အဆိုပြုသည့် အခြား ကိစ္စ ရပ်များ | အုပ်စုလိုက်ရေးဆွဲထား သည့် အစီအစဉ်များနှင့် လုပ်ငန်းစဉ် များ အကြောင်း တင်ပြ ခြင်းများ |
| သုတေသနတွင် အခင်းအကျင်း အပေါ်အကဲဆတ် ခြင်းနှင့် လက်တွေ့တွင် အခင်းအကျင်း အပေါ် အကဲဆတ် ခြင်း | သုတေသနနှင့် အခင်းအကျင်းအကြား အပြန်အလှန် သက်ရောက် မှုများ ကိုနားလည်ခြင်း | အချက်အလက်နှင့် ဒစ်ဂျစ် တယ်လုံခြုံမှု | အခင်းအကျင်းအပေါ်အကဲ ဆတ်သည့် သုတေသန နည်းလမ်းများကိုအဖွဲ့ အစည်း တွင်ကျင့်သုံးခြင်း - ကတိကဝတ်များမှသည် အဖွဲ့အစည်းတွင် လက်တွေ့ ကျင့်သုံးခြင်းဆီသို့ | သင်တန်းသူ/သားများ အချင်းချင်းပြန်လည်သုံးသပ် ခြင်း၊ လေ့လာ သင်ယူခြင်းနှင့် ဖလှယ် ခြင်း |
| အခင်းအကျင်းလေ့လာ သုံးသပ်မှု (Context analysis) (မိတ်ဆက်) | လက်တွေ့ဆောင်ရွက်နေ သူကျွမ်းကျင်ပညာရှင်၏ အကြံပြုချက် | အချက်အလက်ယုံကြည် စိတ်ချရမှု - ဖြစ်နိုင်ခြေရှိ သော ဘက် လိုက်မှုများကို ဖြေရှင်းခြင်း | အခင်းအကျင်းအပေါ်အကဲဆတ်သည့် သုတေသနဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း နှင့် လုပ်ငန်းစဉ်များကို အုပ်စုလိုက်ဆွေးနွေး ဆောင်ရွက်ခြင်း | သင်တန်းကိုအကဲဖြတ် ခြင်း |

# ၂ သင့်သင်တန်းကိုစီစဉ်ခြင်းနှင့်လုပ်ဆောင်ခြင်း - အဓိက ထည့်သွင်းစဉ်းစားချက်များနှင့်အကြံပြုချက်များ

ဤသင်တန်းလက်စွဲတွင် သင်တန်းသည်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး သင်တန်းသူ/သားများ၏အသိပညာ ဗဟုသုတနှင့်အတွေ့အကြုံများအား ဗဟိုရင်းမြစ်အဖြစ် မှတ်ယူသည်။ ဆိုလိုသည်မှာ သင်တန်းသူ/သားများ၏ အသိပညာဗဟုသုတနှင့် အတွေ့အကြုံများသည် အတူတကွသင်ယူနားလည်မှုများဖြစ်ပေါ်ရန် အဓိကအကူ အညီပေးလိမ့်မည်ဖြစ်သည်။

ပံ့ပိုးကူညီသူ (facilitator) သို့မဟုတ်ကျွမ်းကျင်သူ၏ဆွေးနွေးမှုများသည် သင်တန်းသူ/သားများ၏ဆွေးနွေးချက်များပိုမိုပြည့်စုံစေရေးအတွက်သာ အားဖြည့် ကူညီခြင်းဖြစ်သည်။ ဥပမာ – အယူအဆပိုင်းဆိုင်ရာမေးခွန်း များကို ပိုမိုနားလည်လာနိုင်ရန်အတွက် သင်တန်းသူ/သားများအကြား ဆွေးနွေးမှုများ ဖြစ်ပေါ်လာစေမည့် ဥပမာများပေးခြင်း သို့မဟုတ် အလေ့အကျင့်ကောင်းများကို မိတ်ဆက်ရှင်းပြပေးခြင်း။

ဤသို့ဆောင်ရွက်နိုင်ရန်အတွက်ပံ့ပိုးကူညီသူများထံတွင်အဆင်ပြေချောမွေ့စွာချဉ်းကပ်နိုင်မှုနှင့်ကျွမ်းကျင်မှုများရှိရန်လိုအပ်ပြီးတစ်ခါတစ်ရံပံ့ပိုးကူညီသူ၏အခန်းကဏ္ဍသည်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူထက်စာလျှင်အဆင်ပြေချောမွေ့စေရန်ထိန်းညှိပေးသူ (moderator) လည်းဖြစ်သွားနိုင်ပါသည်။

ပံ့ပိုးကူညီသူသည်ဘာသာရပ်ဆိုင်ရာထက်စာလျှင်သင်တန်းလုပ်ငန်းစဉ်အပေါ်ပို၍အာရုံစိုက်သင့်ပြီးအထူးသဖြင့် သင်တန်းသူ/သားများ "စိတ်ချလုံခြုံစွာဆွေးနွေးနိုင်မည့်ရပ်ဝန်းတစ်ခု – safe space" ဖြစ်ပေါ်လာစေ ရန်ဖြစ်သည်။ သို့မှသာလျှင် ပူးတွဲဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့် အပြန်အလှန်သင်ယူလေ့လာခြင်းတို့ပြုလုပ်ရန် သင်တန်းသူ/သားများကို အားပေးကူညီနိုင်မည်ဖြစ်သည်။

သင်တန်းကာလအတွင်းနည်းလမ်းများနှင့်သဘောတရားများအားလက်တွေ့အသုံးချခြင်းသည် နည်းစနစ် ပိုင်းဆိုင်ရာချဉ်းကပ်မှု(methodological approach)၏အဓိကအစိတ်အပိုင်းဖြစ်သင့်သည်။ ဥပမာ – သင်တန်း သူ/သားများသည် အုပ်စုဖွဲ့ဆွေးနွေးလုပ်ဆောင်မှု၊ပြဇာတ်သဖွယ်သရုပ်ဆောင်မှုသို့မဟုတ် သရုပ်ဖော်မှုများတွင်အယူအဆ/သဘောတရားများကိုလက်တွေ့အသုံးချခြင်းဖြင့်စိန်ခေါ်မှုများနှင့်ဖြစ်နိုင်ခြေများကိုမိမိကိုယ်တိုင်တိုက်ရိုက်အတွေ့အကြုံရရှိနိုင်မည်ဖြစ်သည်။ နားထောင်ခြင်းသက်သက်ဆိုပါကအဆိုပါအတွေ့အကြုံများကိုရရှိနိုင်လိမ့်မည်မဟုတ်ပေ။သို့ပါသော်လည်းဖြည့်စွက်ဆွေးနွေးမှုများ မကြာခဏပြုလုပ်ရန် လိုအပ်သည်ဟု သတိမူရပါမည်။ ထိုသို့ဆွေးနွေးမှုတစ်ခု အတွက် အများဆုံး အချိန် ၂၀ မိနစ်သာ အသုံးပြုသင့် ပါသည်။

သင်တန်းအစီအစဉ်များအတွက်အချိန်ကြိုတင်ပြင်ဆင်ခြင်းကိုအဖွဲ့အပေါ်မူတည်ပြီးလိုက်လျောညီထွေစွာပြုလုပ်သင့်ပြီးအကြောင်းမှာအဖွဲ့အရွယ်အစား၊ ၎င်းတို့၏အသိပညာဗဟုသုတအနေအထားနှင့်စွမ်းဆောင်ရည်၊အဖွဲ့အလိုက်ကွဲပြားမှုရှိခြင်းနှင့် အလားတူထည့်သွင်းစဉ်းစားချက်များအပေါ်မူတည်၍ လိုအပ်သည့်အချိန်ပမာဏကွဲပြားနိုင်မှုကြောင့်ဖြစ်သည်။ထို့အပြင်နေ့စဉ်သင်တန်းအစီအစဉ်တွင် မည်သည့်အစီအစဉ်မျှမရှိသည့် အချိန်အလွတ် ဥပမာ – မိနစ် ၃၀ မှ ၄၅ မိနစ်ခန့်ထားသင့်ပြီး အကယ်၍ အချို့ဆွေးနွေးသည့်အကြောင်းအရာများကခန့်မှန်းထားသည်ထက်အချိန်ပိုကြာခဲ့လျှင်ထိုအလွတ်ထားသည့်အချိန်ကို အသုံးပြုနိုင်ရန် ဖြစ်သည်။

သင်တန်းတွင်မိတ်ဆက်ခြင်းသည်အရေးပါပြီးသင်တန်းသူ/သားများအနေဖြင့် နွေးထွေးသည့်ကြိုဆိုမှုကိုခံစားမိရန်နှင့်သင်တန်းတွင်စိတ်ချလုံခြုံစွာပါဝင်နိုင်စေရန်ဖြစ်သည်။မိတ်ဆက်ခြင်းဖြင့်သင်တန်းနှင့်ပတ်သက်ပြီးစိတ်လက်ပေါ့ပါးမှုရရှိနိုင်သည့်အပြင်အခြားသင်ယူမှုလုပ်ငန်းစဉ်တစ်လျှောက်တွင်လည်း အထောက်အကူပြုသည်။ ထို့ကြောင့် သင်တန်းအဖွင့်အစီအစဉ်အတွက် အချိန်လုံလုံလောက်လောက်ပေးရန် လိုအပ်ပြီး ပံ့ပိုးကူညီသူများနှင့်သင်တန်းသူ/သားများအကြားချိတ်ဆက်မှုအားကောင်းရန်၊သင်တန်းခန်းမသို့သင်တန်းသူ/သားများသက်တောင့်သက်သာရှိစွာရောက်ရှိလာနိုင်ရန်နှင့်အခြားမည်သည့်သင်တန်းသူ/သား များရှိပါသနည်းဟူ၍ စိတ်လက်ပေါ့ပါးစွာ ခံစားမိနိုင်ရန်ဖြစ်သည်။

သင်တန်းအကြိုလေ့လာဆန်းစစ်မှုပြုခြင်း – ဥပမာ သင်တန်းသူ/သားများ၏ ဗဟုသုတအနေအထား၊အတွေ့အကြုံများ၊ သင်တန်းအကြောင်းအရာများ၊ သင်တန်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍၎င်းတို့၏မျှော်လင့်ချက်များစသည်တို့ကိုပိုမိုနားလည်သဘောပေါက်နိုင်ရန်အတွက် သင်တန်းမတိုင်မီ ၎င်းတို့နှင့်စကားပြောခြင်း သို့မဟုတ် စစ်တမ်းကောက်ယူခြင်းများပြုသင့်ပြီး သင်တန်းအစီအစဉ်ရေးဆွဲရန်အထောက်အကူပြုမည်ဖြစ်သည်။ဤသို့ပြုလုပ်ရန်ပုံသေသတ်မှတ်ထားသည့်နည်းလမ်းမရှိဘဲ အခြေအနေအပေါ် (ဥပမာ – သင်တန်းတက်ရောက်မည့်သူများ၏အဆင်ပြေမှု သို့မဟုတ် အချိန်ပေးနိုင်မှု)မူတည်၍ဆောင်ရွက်သင့်ပါသည်။အကယ်၍သင်တန်းအကြိုလေ့လာဆန်းစစ်မှုမပြုနိုင်ခဲ့ပါက သင်တန်း၏မိတ်ဆက်ခြင်းအစီအစဉ်တွင်သင်တန်းသူ/သားများ၏အတွေ့အကြုံများသို့မဟုတ်သင်တန်းအပေါ်၎င်းတို့၏မျှော်လင့်ချက်များကိုအကျဉ်းချုပ်လေ့လာဆန်းစစ်မှုပြုသင့်ပါသည်။သင်တန်းသူ/သားများ၏သင်တန်းအပေါ် မျှော်လင့်ချက်များအားလေ့လာသုံးသပ်ရာ၌မည်သည့်မျှော်လင့်ချက်ကိုမည်သည့်အတိုင်းအတာအထိဖြည့်ဆီးနိုင်မည်၊အချို့မျှော်လင့်ချက်များကိုမူသင်တန်းတွင်အနည်းငယ်မျှသာ ဖြည့်ဆည်းနိုင်လိမ့်မည်သို့မဟုတ် လုံးဝမဖြည့်ဆီးနိုင်ဟူ၍ ပွင့်လင်းမြင်သာစွာရှင်းပြရန် အရေးကြီးပါသည်။ အချိန်အကန့်အသတ်ဖြင့်ပြုလုပ်ရသည့်သင်တန်းသည် မျှော်လင့်ချက်များအားလုံးကိုဖြည့်ဆီးနိုင်လိမ့်မည်မဟုတ်ကြောင်း သင်တန်းကူညီပံ့ပိုးသူက သင်တန်းလုပ် ငန်းစဉ်တည်ဆောက်ထားပုံကို ရှင်းပြပေးနိုင်ရပါမည်။

# ၃ အရေးပါသည့်အသုံးအနှုန်းများနှင့်အယူအဆသဘောတရားများ

အောက်ဖော်ပြပါတို့သည်အခင်းအကျင်းအပေါ်အကဲဆတ်သည့်သုတေသန (context sensitive research)၊ လေ့လာသုံးသပ်မှု (analysis) ၊ သင်တန်းတို့နှင့် သက်ဆိုင်သည့် ကျယ်ပြန့်သည့်အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြစ်ပါ သည် –

သက်ဆိုင်ပါဝင်သူ (actor) – သက်ဆိုင်ပါဝင်သူ သို့မဟုတ် ပါတီ၊ အဖွဲ့အစည်း တစ်ခု သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦး

လေ့လာသုံးသပ်မှု (analysis) – ရှုပ်ထွေးသည့်အကြောင်းအရာတစ်ခု၏ အဓိက သွင်ပြင်လက္ခဏာများ သို့မ ဟုတ် သဘောသဘာဝကိုသိရှိနားလည်နိုင်ရန်ပြု လုပ်သည့် အသေးစိတ်လေ့လာမှုတစ်ခု

အဖွဲ့ငယ် (buzz group) – သင်တန်းတွင် ပြဿနာရပ်တစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုကိုဆွေးနွေး ရန်အတွက်ဖွဲ့ပေးသည့်လူ ၃–၄ ဦးပါဝင်သည့် အဖွဲ့ငယ်တစ်ခု

သီးသန့်အုပ်စု (breakout group) – သင်တန်းတွင် သတ်မှတ်လုပ်ငန်းဆောင်တာများပူးတွဲဆောင်ရွက်ရန် အတွက်ဖွဲ့စည်းသည့် လူ ၃ ဦးနှင့်အထက်ပါဝင်သည့် သီးသန့်အုပ်စုတစ်ခုဖြစ်ပြီး ဆွေးနွေးပြီးပါကမျက်နှာစုံညီ ခန်းမတွင် ပြန်လည်တင်ပြရန် ဖြစ်သည်

အခင်းအကျင်းအပေါ်အကဲဆတ်ခြင်း (Context sensitivity– CS) – အဖွဲ့အစည်း တစ်ခု၏အောက်ပါ စွမ်းရည် တို့ကို ရည်ညွှန်းပါသည်

- ၎င်းတို့သုတေသနပြုမည့်အခင်းအကျင်း (context) ကိုနားလည် သဘောပေါက်ရန်
- ၎င်းတို့၏သုတေသနစီမံချက်နှင့်အခင်းအကျင်း (context) တို့အကြား အပြန်အလှန်သက်ရောက်မှုကို နားလည် သဘောပေါက်ရန်
- ထိုသို့နားလည်သဘောပေါက်မှုနှင့်အညီ အခင်းအကျင်း (context) အပေါ် ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် နှင့် အမြင့်ဆုံးကောင်းကျိုး သက်ရောက်မှုဖြစ်ပေါ်စေရန်

မှတ်ချက်– “အခင်းအကျင်း– context” ဟူသည့်စကားရပ်ကို ဤနေရာတွင် အသုံးပြုထားပြီး လူမှု–စီးပွားနှင့် နိုင်ငံရေး ဆိုင်ရာတင်းမာမှုများ၊ အခြေခံ အကြောင်းရင်းများနှင့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာအချက်အလက် များ အားလုံးသည် context sensitivity နှင့်ဆက်စပ်နေပြီး တစ်ချိန်တွင်အကြမ်းဖက်မှုအဆင့်အထိရောက်ရှိ သွားနိုင်ခြေရှိသည်ဟု ဖော်ပြလိုခြင်းဖြစ်ပါသည်။

(Saferworld & International Alert ၏ ရင်းမြစ်ကိုအောက်တွင်ဖတ်ရှုနိုင်ပါသည်)

လေ့လာသုံးသပ်ရန်အလွန်အမင်းကျယ်ပြန့်မှုကိုရှောင်ကျဉ်နိုင်ရန်အတွက် သင်သုတေသနပြုမည့်အခင်း အကျင်းတွင် သဘောထားကွဲလွဲမှုနှင့်ဆက်စပ်သည့် အချက်အလက်များကိုသာ အလေးအနက်ထားပါ။

အချက်အလက်ဆိုင်ရာဘက်လိုက်မှု (data bias) – သုတေသနကနားလည် နိုင်ရန်ကြိုးစားနေသည့်ဖြစ်ရပ် များ (သို့မဟုတ် လူများ)ကို ကိုယ်စားမပြုသည့် အခြေအနေများကိုရည်ညွှန်းသည်

သုတေသနဆောင်ရွက်မည့်အခင်းအကျင်း (intervention context)– သင်သုတေသန သို့မဟုတ် စီမံချက်လုပ် ဆောင်မည့်နေရာ

ခံယူချက် (perception) – လူတစ်ဦး သို့မဟုတ် လူအုပ်စုတစ်ခု၏ ထင်မြင်ချက်၊ ယုံကြည်ချက်၊ သိမြင်မှု သို့မ ဟုတ် အယူအဆ

မျက်နှာစုံညီ (pleanary) – သင်တန်းသူ/သားများအားလုံးသည် အစည်းအဝေး သို့မဟုတ် သင်တန်းတွင် အတူမျက်နှာစုံညီတက်ရောက်ခြင်း (အဖွဲ့ငယ်များနှင့် မတူပါ)

ပြန်လည်သုံးသပ်ခြင်း (reflection) – ကိစ္စရပ်တစ်ခု သို့မဟုတ် ပြဿနာရပ်တစ်ခုကိုအလေးအနက် တွေးခေါ် ခြင်း နှင့်/ သို့မဟုတ် ဂရုပြုစဉ်းစားခြင်း

ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာအချက်များ (structural factors) – (လူမှုဗေဒ အသုံးအနှုန်းတစ်ခုဖြစ်သည်) – ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာအနေအထားများနှင့် အခင်းအကျင်းကို ပုံဖော်သည့် အဖွဲ့အစည်းများ/ဌာနများ

## သင်တန်းသူ/သားများမိတ်ဆက်ခြင်းနှင့် သင်တန်းအပေါ်မျှော်လင့်ချက်များ

ပွဲပိုးကူညီသူ (facilitator)က သင်တန်းအကြောင်း၊ အချိန်ကာလနှင့် ဆွေးနွေးမည့်သင်ခန်းစာများအကြောင်း ရှင်းပြရန်။
ပွဲပိုးကူညီသူသည် သင်တန်းအကြိုလေ့လာဆန်းစစ်ချက်ရလဒ်များနှင့်အတူ သင်တန်းတွင်မည်သည်တို့ကို လေ့လာရရှိနိုင်မည်/မရရှိနိုင်မည်ဟု ရှင်းပြရပါမည်။

## သင်တန်းခန်းမလေ့ကျင့်ခန်း ၁ – အခင်းအကျင်းအပေါ်အကဲဆတ်ခြင်း (CONTEXT SENSITIVITY – CS) ၏ အယူအဆ သဘောတရားများကိုရှင်းလင်းဆွေးနွေးခြင်း

**ရည်ရွယ်ချက်–** သင်တန်းသူ/သားများသည်အခင်းအကျင်းအပေါ်အကဲဆတ်ခြင်း (context sensitivity)၏ အယူအဆသဘောတရားများကို ရှင်းလင်းဆွေးနွေးကြပြီး အများလက်ခံသည့်သိနားလည်မှုတစ်ခုရရှိရန်။
ဆွေးနွေးမှုစတင်နိုင်ရန် ပွဲပိုးကူညီသူက နမူနာအဓိပ္ပါယ်ဖွင့်ဆိုမှုများကိုချပြပေးရမည်။

---

**လိုအပ်သည့်ပစ္စည်းများ–** Context sensitivity ၏”အဓိပ္ပါယ်ဖွင့်ဆိုချက်”ကိုချရေးရန်ကတ်များ၊ မာကာများ၊ စာရွက်အလွတ်အချပ်ကြီးများ

---

**လိုအပ်သည့်အချိန်–** ၃၀ မိနစ်

---

› လူ ၃–၄ ဦးပါဝင်သည့်အဖွဲ့ငယ်လေးများအဖြစ်အဖွဲ့ခွဲရန်နှင့် အောက်ပါမေးခွန်းများကို ဆွေးနွေးရန် သင်တန်းသူ/သားများအားဖိတ်ခေါ်ပါ –

- Context sensitivity အကြောင်းတစ်ခါမျှမကြားဖူးသူတစ်ဦးထံ context sensitivity ၏အယူအဆ သဘောတရားကို သင် မည်သို့ရှင်းပြမှာပါလဲ။
- အခင်းအကျင်းအပေါ်အကဲဆတ်သည့်ချဉ်းကပ်မှု (context sensitive approach)၏ အဓိက အကျိုးကျေးဇူးတွေက ဘာတွေလို့ သင်ထင်ပါသလဲ။
- (သင့်အလုပ် သို့မဟုတ် အခြားသူများ၏အလုပ်တွင်) သင်သတိပြုမိခဲ့သည့် အပြုအမူများကို စဉ်းစားပါ– ဘယ်အရာကတော့ဖြင့်အခင်းအကျင်းအပေါ်အကဲဆတ်တဲ့အပြုအမူဖြစ်ပြီး ဘယ်အရာ ကတော့ဖြင့် အခင်းအကျင်းအပေါ်အကဲဆတ်မှုမရှိတဲ့ အပြုအမူဖြစ်ပါသလဲဆိုတာ သင်(ယခု) ဥပမာ ပေးနိုင်မလား။ အဆိုပါအပြုအမူကြောင့် ဘယ်လိုသက်ရောက်မှုဖြစ်ပေါ်ခဲ့ပါသလဲ။

› ထိုသို့ဆွေးနွေးပြီးနောက် သင်တန်းသူ/သားများသည် ၎င်းတို့ ဆွေးနွေးခဲ့သည့်အထဲမှ အဓိကရလဒ် များ/လေ့လာချက်များကို မျက်နှာစုံညီခန်းမတွင် မျှဝေမည်ဖြစ်ပြီး ပွဲပိုးကူညီသူက အဓိကအချက် များ/ရှုထောင့်များကိုစုစည်းအနှစ်ချုပ်၍ context sensitivity အဓိပ္ပါယ်ဖွင့်ဆိုချက် နှင့် ချိတ်ဆက် ရှင်းပြပေးရမည် (အထက်တွင်ဖော်ပြခဲ့သည့် အချက်၃ ချက်ဖြစ်သည်)။

---

**အကြံပြုချက်များ –**

› အဖွဲ့လိုက်ဆွေးနွေးမှုရလဒ်များကိုပြန်လည်တင်ပြသည့်အခါတစ်ဖွဲ့လျှင် ၃ မိနစ်သာအချိန်ပေးရ ပါမည်၊ ထို့အပြင် နောက်မှတင်ပြသည့်အဖွဲ့များကိုလည်း ရှေ့အဖွဲ့ကမပြောရသေးသည့် အချက် အသစ်များကိုသာတင်ပြစေရပါမည် (ဆွေးနွေးပြီးသည့်အချက်များကိုထပ်ခါတလဲလဲတင်ပြမှုကို ရှောင်ကျဉ်နိုင်ရန်နှင့် အချိန်ကိုစီမံခန့်ခွဲနိုင်ရန်ဖြစ်သည်)။

› Context sensitivity ၏ “အဓိပ္ပါယ်ဖွင့်ဆိုချက်”ကိုရှင်းပြရာတွင် သင်တန်းသူ/သားများ၏ယူဆ ချက်များမှားယွင်းသည်ဟူသည့်အမြင်မျိုးမဖြစ်အောင် ရှောင်ကျဉ်ရပါမည်။ ထိုသို့မဖြစ်အောင် သင်တန်းသူ/သားများ၏ထင်မြင်ယူဆချက်များအား context sensitivity “အဓိပ္ပါယ်ဖွင့်ဆိုချက်” နှင့်ချိတ်ဆက်ပေးရန်ကြိုးစားပါ။ အဖြေမှန် သို့မဟုတ် အဖြေမှားဟူ၍မရှိဘဲ မတူညီသည့်အမြင် များနှင့်နားလည်သဘောပေါက်မှုများသာရှိသည်ဟု သတိရပါ။ ဤလေ့ကျင့်ခန်း၏ရည်ရွယ်ချက် မှာ အများလက်ခံသည့်သိနားလည်မှုတစ်ခုရရှိရန်ဖြစ်ပြီး ဘုံလက်ခံအသုံးပြုကြသည့် context sensitivity အယူအဆသဘောတရားများကို လက်တွေ့အသုံးပြုရန်နှင့် သင်တန်းသူ/သားတို့၏ ထင်မြင်ယူဆချက်များ တစ်နည်းတစ်ဖုံ ထင်ဟပ်နေစေရန်ဖြစ်သည်။

› ထို့အပြင်ဤလေ့ကျင့်ခန်းသည် သင်တန်းသူ/သားများအား အများပါဝင်သည့်ချဉ်းကပ်မှု (participatory approach)နှင့်ရင်းနှီးလာစေရန်လည်း ရည်ရွယ်သည်။ အများပါဝင်သည့်ချဉ်းကပ် မှုတွင် ကျွမ်းကျင်ပညာရှင်၏ပို့ချချက်များအစား မေးခွန်းများကိုဆွေးနွေးခြင်း၊ သင်တန်းသူ/သား များ၏ကိုယ်တိုင်သုံးသပ်မှုများ၊ခံယူချက်များနှင့်ဗဟုသုတများအတွက်အချိန်ပိုပေးနိုင်ရန် သင်တန်းပို့ချသူ၏ ဆွေးနွေးမှုကိုကန့်သတ်ခြင်းတို့ ပါဝင်သည်။

# ၄ Context Sensitivity ကိုလက်တွေ့လေ့လာဆောင်ရွက်ခြင်း

## ၄.၁။ အခင်းအကျင်းအပေါ်အကဲဆတ်မှုကိုလေ့လာသုံးသပ်ခြင်း

### အဆင့် ၁ – သင်သုတေသနပြုလုပ်မည့်အခင်းအကျင်းကိုနားလည်သဘောပေါက်ခြင်း

သင်လက်တွေ့ဆောင်ရွက်မည့်နေရာတွင်အခင်းအကျင်း၏သွင်ပြင်လက္ခဏာအကြောင်းရင်းများနှင့်ပြောင်းလဲနေမှုများအကြောင်းသိနားလည်ခြင်းဖြင့်သင့်လုပ်ငန်းများကိုပြင်ဆင်ဆောင်ရွက်ရာ၌ အခင်းအကျင်းကို သိနားလည်စွာကြိုတင်ပြင်ဆင်နိုင်ရန်နှင့်လက်တွေ့ဆောင်ရွက်နိုင်ရန်အခြေခံကောင်းများပေးသည်။ အခင်းအကျင်းကို လေ့လာသုံးသပ်ရန် မည်သည့်နည်းလမ်းတစ်ခုဖြင့်သာအဆင်ပြေလိမ့်မည်ဟူ၍ မရှိပါ။ သင်ရရှိနိုင်သောရင်းမြစ်များ (ဥပမာ – ကွန်ရက်များ၊ လေ့လာသုံးသပ်ရန်စွမ်းဆောင်ရည်များ၊ လေ့လာ သုံးသပ်ရန် ရရှိနိုင်သည့် ဝန်ထမ်းအင်အား)နှင့် အခြားအကြောင်းအရာများအပေါ်မူတည်ပြီး ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

သင့်အခင်းအကျင်းလေ့လာသုံးသပ်မှု(context analysis)သည် သင်ပြုလုပ်လိုသည့်သုတေသနစီမံချက် (intervention)နှင့် ကိုက်ညီမှုရှိမည်။ ဥပမာ – သင်သည် ရပ်ရွာအဆင့်တွင်သုတေသနဆောင်ရွက်လို သည်ဆိုပါက ရပ်ရွာအဆင့်အခင်းအကျင်း၏ ဖြစ်နိုင်ခြေများနှင့်ပြောင်းလဲနေမှုများကို သိနားလည်ရန်လိုအပ် သည်။ အကယ်၍ သင့်သုတေသနကို မြို့နယ် သို့မဟုတ် ပြည်နယ်/တိုင်းအဆင့်ဆောင်ရွက်လိုသည်ဆိုပါက context analysis ကို မြို့နယ် သို့မဟုတ် ပြည်နယ်/တိုင်းအဆင့်ရှိပြဿနာရပ်များနှင့်ပြောင်းလဲနေမှုများကို အဓိကထား၍ ပြုလုပ်ရပါမည်။

တစ်ချိန်တည်းမှာပင် ထိုမတူညီသောအဆင့်များအကြားပတ်သက်ဆက်စပ်နေမှုများကို ထည့်သွင်းစဉ်းစား ရန်လည်းအရေးကြီးသည် – ဥပမာ အမျိုးသားအဆင့် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိပြောင်းလဲ နေမှုများနှင့်ပြဿနာရပ်များကြောင့် ရပ်ရွာအဆင့်တွင်မည်သည့်သက်ရောက်မှုများဖြစ်ပေါ်သည်ဟု ထည့်သွင်းစဉ်းစားရန်ဆိုလိုခြင်းဖြစ်ပါသည်။

အလုံးစုံပြီးပြည့်စုံသည့်context analysis တစ်ခုဟူ၍မရှိနိုင်ကြောင်းသတိမူရပါမည်။ ပညာရပ်ပိုင်းဆိုင်ရာ ပြောင်မြောက်ထူးချွန်သည့် context analysis ကို သွားလိုသည့်ပန်းတိုင်မဟုတ်ဘဲ အခင်းအကျင်းကိုသိမြင် နားလည်မှုရှိစွာပဲ့ကိုင်ထိန်းကျောင်းနိုင်ရေးအတွက် နားလည်သဘောပေါက်မှုရရှိရန်သာ ဖြစ်သည်။ ထို့ကြောင့် “လုံလောက်သည့်အတွေးအခေါ်ကောင်းများ” ရရှိလျှင်လုံလောက်ပြီဖြစ်ပါသည် – ဥပမာ အခင်းအကျင်း၏ အဓိက သွင်ပြင်လက္ခဏာများ၊ အကြောင်းအရာများနှင့် ပုံစံများကိုပုံဖော်သိရှိနိုင်ရန်ပံ့ပိုးကူညီသည့် လေ့လာ သုံးသပ်မှုဖြစ်လျှင်လုံလောက်ပြီး အသေးစိတ်အချက်အလက်တိုင်းကို သိရှိနေရန်မလိုအပ်ပါ။

သင်သည်အဓိကအချက်အလက်များကို ထဲထဲဝင်ဝင်လေ့လာနေပြီဖြစ်ကြောင်း သိနိုင်သည့် အသုံးဝင်သည့် ညွှန်းကိန်းတစ်ခုမှာ အခင်းအကျင်းဆိုင်ရာတူညီသည့် သတင်းအချက်အလက်များကိုထပ်ခါတလဲလဲကြားသိပြီး သတင်းအချက်အလက်အသစ်များနည်းပါးလာခြင်းဖြစ်သည်။

အခင်းအကျင်းများ၏ တစ်သမတ်တည်းမရှိဘဲ ပြောင်းလဲတတ်သည့်သဘောသဘာဝကြောင့်သင်သည် ပြောင်းလဲနေမှုများကိုစဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ရန်အလွန်အရေးကြီးသည်။

သင့်အဖွဲ့အစည်း သို့မဟုတ် သင့်စီမံချက်၏အခင်းအကျင်းတွင် ထိုသို့သော လေ့လာစောင့်ကြည့်မှုလုပ်ငန်းစဉ် ကို မည်သို့အကောင်းဆုံးပြင်ဆင်မည်နည်းဆိုသည်ကို လေ့လာသုံးသပ်မှုလုပ်ငန်းစဉ်(context analysis) ကာလအတွင်းအကောင်းဆုံး သတ်မှတ်နိုင်သည်။ မည်သည့်ရှုထောင့်များကိုလေ့လာစောင့်ကြည့်မည်ဟု ဆုံးဖြတ်ခြင်း၊ သင့်အဖွဲ့အတွင်း ရာထူးနှင့်တာဝန်များကိုသတ်မှတ်ခြင်းနှင့် လိုအပ်သည့်ရင်းမြစ်များပံ့ပိုးခြင်း တို့ကို လေ့လာသုံးသပ်မှုလုပ်ငန်းစဉ်တွင် အကောင်းဆုံး သတ်မှတ်နိုင်မည်ဖြစ်သည်။

ရင်းမြစ်များခွဲဝေချထားအသုံးပြုမှုကိုသက်ဆိုင်ရာအလှူရှင်ထံတင်ပြထားသည့် ဘတ်ဂျက်အဆိုပြုမှုကလည်း အဆုံးအဖြတ်ပေးသည်။ ထို့ကြောင့် context analysis မပြုလုပ်မီ အလှူရှင်အဖွဲ့အစည်းထံတင်ပြရန်ရေးသား နေသည့်အဆိုပြုလွှာတွင် အခင်းအကျင်းလေ့လာစောင့်ကြည့်ခြင်းနည်းစနစ် (context monitoring system) တစ်ရပ်၏အခြေခံအယူအဆများကိုလည်းထည့်သွင်းတင်ပြရန် လိုအပ်နိုင်ပါသည်။

## ၄.၂။ လက်တွေ့ကျသည့်စဉ်းစားချက်များ

၁။ အခင်းအကျင်းလေ့လာသုံးသပ်ခြင်း(context analysis)ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အလေ့ အကျင့်ကောင်းအချို့တွင် အောက်ပါတို့ပါဝင်သည် –

- လေ့လာသုံးသပ်မှုသည် အဓိကမောင်းနှင်နေသည့်အချက်များနှင့် အဓိကသက်ဆိုင်ပါဝင်သူများကို ဖော်ထုတ်ပေးသည်[၁]
- လေ့လာသုံးသပ်မှုကို ပုံမှန်/သတ်မှတ်အချိန်ကာလအလိုက် update လုပ်ခြင်းနှင့်စမ်းသပ်ခြင်းတို့ရှိ သည်
- လေ့လာသုံးသပ်မှုနယ်ပယ်သည် သင့်လျော်မှုရှိသည် (မကျယ်လွန်းသို့မဟုတ် မကျဉ်းလွန်း)၊ သင့်အဖွဲ့ အစည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ကျွမ်းကျင်မှု သို့မဟုတ် ယေဘုယျယူဆချက်များထံ ဘက် လိုက်မှုကိုလျော့ပါးစေသည်
- လေ့လာသုံးသပ်မှုလုပ်ငန်းစဉ်သည်အများပါဝင်ပြီး အခင်းအကျင်းအတွင်းရှိ အမျိုးသားများ၊ အမျိုးသမီး များ၊ အခြားလူမှုအုပ်စုများ၏ (တိုင်းရင်းသားအုပ်စု၊ ဘာသာရေးအုပ်စု စသဖြင့်) မတူညီသောရှုထောင့် များလည်း လွှမ်းခြုံပါဝင်သည်။

၂။ အခင်းအကျင်းလေ့လာသုံးသပ်ခြင်း(context analysis)အတွက် အကြံပြုလမ်းညွှန်မေးခွန်းအချို့မှာ အောက်ပါတို့ဖြစ်သည် (သင့်အနေဖြင့် သင့်လျော်မည်ဆိုပါကမေးခွန်းများကို မွမ်းမံပြင်ဆင်ပေးနိုင်ပါသည်)–

### သွင်ပြင်လက္ခဏာ *(Profile)*

- သင့်အဖွဲ့အစည်းလုပ်ငန်းများနှင့်သက်ဆိုင်သည့်နေရာဒေသက ဘယ်နေရာဒေသဖြစ်ပါသလဲ။

---

၁ အဓိကမောင်းနှင်နေသည့်/တွန်းအားပေးနေသည့်အချက်များဆိုသည်မှာအရာဝတ္ထုများ/ပြောင်းလဲနေမှုများကိုဆိုလိုခြင်းဖြစ်ပြီး၎င်းတို့သာမရှိခဲ့ပါလျှင်ပဋိပက္ခမတည်ရှိနိုင် သို့မဟုတ်ပဋိပက္ခတည်ရှိသော်လည်း သိသိသာသာကွဲပြားနေလိမ့်မည်ဖြစ်သည်။ အဓိကသက်ဆိုင်ပါဝင်သူများဆိုသည်မှာပဋိပက္ခ၏ပြောင်းလဲနေမှုများအပေါ်သိသိသာသာ လွှမ်းမိုးမှုရှိသည့် လူများ သို့မဟုတ် အုပ်စုများကိုဆိုလိုခြင်းဖြစ်သည်။

› နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာအခင်းအကျင်းက ဘယ်လိုရှိပါသလဲ။
› စီမံကိန်းဒေသတွင် အဖွဲ့များ(parties)အတွင်း မည်သည့် မြင်သာသော/ငုပ်လျှိုးနေသော ပြဿနာ များ တည်ရှိပါသလဲ။ မည်သည့်သဘောထားမတိုက်ဆိုင်မှုပုံစံများကို ဖော်ထုတ်တွေ့ရှိနိုင်ပါသလဲ။ လက်ရှိမှာအကြမ်းမဖက်သော်လည်း အကြမ်းဖက်မှုအသွင်ဆောင်လာနိုင်တဲ့ သဘောထားကွဲလွဲမှုများရှိနေပါ သလား။
› မြေနှင့်သယံဇာတများ လက်လှမ်းမီရရှိမှုနှင့်ထိန်းချုပ်နိုင်မှုတို့သည် အခင်းအကျင်းနဲ့ ဘယ်လိုဆက်စပ် နေပါ သလဲ။

## သက်ဆိုင်ပါဝင်သူများ *(Actors)*

› အခင်းအကျင်း၏ ပြောင်းလဲမှု/တိုးတက်မှုအပေါ်(အပြုသဘောဆောင်/အနှုတ်သဘောဆောင်) သက်ရောက်မှုရှိသည့် အဓိကသက်ဆိုင်ပါဝင်သူများက ဘယ်သူတွေလဲ။
› ၎င်းတို့၏အဓိကစိတ်ဝင်စားမှုများ၊ ပန်းတိုင်များ၊ ရပ်တည်ချက်များ၊ စွမ်းဆောင်ရည်များနှင့် ပတ်သက်ဆက်ဆံမှုများကဘာတွေပါလဲ။
› သဘောထားမတိုက်ဆိုင်မှု (များ)ကြောင့် ဘယ်သူတွေက ဘယ်လိုသက်ရောက်မှုတွေ ကြုံတွေ့ရပါ သလဲ။

## အကြောင်းရင်းများ *(Causes)*

› (ဖွဲ့စည်းတည်ဆောက်မှုအရ သို့မဟုတ် အနီးစပ်ဆုံး) အကြောင်းရင်းများက ဘာတွေလဲ။
› ဘယ်အရာတွေက ငြိမ်းချမ်းရေးကိုအထောက်အကူပြုနေပါသလဲ။

## ပြောင်းလဲနေမှု/တိုးတက်မှု *(Dynamics)*

› လက်ရှိ အနေအထားက ဘယ်လိုတွေရှိနေပါသလဲ။ အနာဂတ်မှာဘာတွေဖြစ်သွားနိုင်ပါသလဲ။
› အဓိကပြဿနာရပ်တွေ ပိုကောင်းလာလား/ပိုဆိုးသွားသလား သင်ဘယ်လိုသိနိုင်မလဲ၊ dynamics က အရှိန်လျော့သွားသလား/အရှိန်ပိုမြင့်လာသလား သင်ဘယ်လိုသိနိုင်မှာပါလဲ။

၃။ အထက်ပါမေးခွန်းများ(နှင့်အခြားမေးခွန်းများ)ကိုဖြေဆိုရာမှရရှိသည့် သတင်းအချက်အလက်များအား စနစ်တကျတည်ဆောက်နိုင်ရန် နည်းလမ်းအချို့ ၂ –

အခင်းအကျင်းများ၏ ရှုပ်ထွေးနက်နဲမှုများနှင့် အထက်ပါမေးခွန်းများကိုမေးမြန်းရာမှတစ်ဆင့်ရရှိလာသော သတင်းအချက်အလက်များသည် အချိန်တိုအတွင်း လွှမ်းစွာများပြားလာနိုင်သည်။ ဤအနေအထားတွင် လေ့လာသုံးသပ်မှုနည်းလမ်းများ (analysis tools)က အထောက်အကူပြုနိုင်သည်။အခင်းအကျင်း၏ မတူညီ သည့် သွင်ပြင်လက္ခဏာများကို စနစ်တကျလေ့လာဆန်းစစ်ရန်၊ အရေးပါသည့်ရှုထောင့်များကိုပုံဖော်ကြည့် ရန်နှင့် သတင်းအချက်အလက်များစနစ်တကျဖြစ်စေရန် ၎င်းတို့ကိုအသုံးပြုနိုင်သည်။

၂ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဥပမာများကို Fisher et al (2000) (“အသုံးဝင်သည့် ရင်းမြစ်များ”ခေါင်းစဉ်အောက်တွင်ကြည့်ပါ) ကို အခြေခံ၍တင်ပြထားခြင်းဖြစ်ပြီး https://gsdrc.org/topic-guides/conflict-analysis/core-elements/ ထံမှကိုးကားထားပါသည်။

## ပြဿနာသစ်ပင် (THE PROBLEM TREE)


ပြဿနာသစ်ပင်သည် ပြဿနာရပ်တစ်ခု(သို့မဟုတ် အဓိကပြဿနာတစ်ရပ်)၏ အကြောင်းရင်းများ၊ ထို ပြဿနာ၏နောက်ဆက်တွဲသက်ရောက်မှုများ/ဆိုးကျိုးများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ အား ပုံဖော်ကြည့်ရန်နှင့်စနစ်တကျဖြစ်စေရန် အသုံးပြုသည့်နည်းလမ်းတစ်ခုဖြစ်သည်။

အရင်းခံအကြောင်းရင်းများဆိုသည်မှာ လက်ရှိ အခင်းအကျင်းကိုဖြစ်ပေါ်စေသည့် အချက်အလက်များဖြစ် သည် – ဆိုလိုသည်မှာ အခင်းအကျင်းတွင်အမြစ်တွယ်နေသည့် အရင်းခံအချက်အလက်များဖြစ်သည်။ သစ်ပင်၏ ပင်စည်က အဓိကပြဿနာကိုကိုယ်စားပြုသည် – ဆိုလိုသည်မှာ ပြဿနာသည်မည်သည့်ပြဿနာဖြစ်သည်ဟု ဖော်ပြသည်။ အကိုင်းအခက်များက ပြဿနာ၏ဆိုးကျိုးသက်ရောက်မှုကိုဖော်ပြသည် – ဆိုလိုသည်မှာ (ပျက်စီးစေတတ်သော) ပြဿနာ၏ရလဒ်အနေဖြင့် ဖြစ်ပေါ်သည့်အရာများဖြစ်သည်။

ဤဆိုးကျိုးသက်ရောက်မှုများ(အကိုင်းအခက်)သည် တစ်ချိန်တွင်ပြဿနာအသစ်များ၏အရင်းခံအကြောင်းရင်းများ (အမြစ်) လည်းဖြစ်သွားနိုင်သည်ကိုသတိမူရပါမည်။ ဥပမာ – နေရာပြောင်းရွှေ့ခံရမှုကြောင့် ပြည်တွင်း နေရပ်စွန့်ခွာသူ(IDP)များနှင့် အိမ်ရှင်ရပ်ရွာလူထုအကြား ရှားပါးသည့်သယံဇာတဖြစ်သည့် မြေ၊ရေ သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာတင်းမာမှုများဆီသို့ဦးတည်သွားနိုင်သည်။

ပြဿနာသစ်ပင်နည်းလမ်းသည် ပြဿနာကိုဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ သွင်ပြင်လက္ခဏာများနှင့် နောက်ဆက်တွဲဆိုးကျိုးများကို လွယ်ကူစွာမှတ်မိရန် အနှစ်ချုပ်ပုံဖော်ပေးသည်။

သင့်သုတေသနစီမံချက်သည် ပြဿနာ၏ အရင်းခံအကြောင်းရင်းများဆိုင်ရာ မကျေနပ်မှု/ဆုံးရှုံးနစ်နာမှု များကို မည်သို့အားဖြည့်လိုက်သနည်း သို့မဟုတ် ဆိုးကျိုးသက်ရောက်မှုများကို မည်သို့ပိုဆိုးသွားစေသနည်း ဟူ၍ (နောက်ပိုင်းတွင်ပြုလုပ်မည့်)လေ့လာသုံးသပ်မှုကို ပြဿနာသစ်ပင်နည်းလမ်းက ပံ့ပိုးကူညီပေးနိုင်ပါ သည်။ သင့်အနေဖြင့် အန္တရာယ်ဖြစ်စေနိုင်သည်များမဆောင်ရွက်မိအောင်နှင့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်အောင် ထိန်းညှိမှုများပြုလုပ်နိုင်ရန်လည်းအကူအညီပေးလိမ့်မည်ဖြစ်သည်။





ရင်းမြစ်: Fisher, et al. (2000: 29) // https://gsdrc.org/topic-guides/conflict-analysis/core-elements/ မှကူးယူဖော်ပြသည်။

## သက်ဆိုင်ပါဝင်သူများကို ဖော်ထုတ်ဆန်းစစ်ခြင်း (ACTOR MAPPING)

Actor mapping သည် လက်ရှိ အခင်းအကျင်းတွင် သက်ဆိုင်ပါဝင်နေသူအဖွဲ့များနှင့် လူပုဂ္ဂိုလ်များ၊ ၎င်းတို့၏ ဩဇာအာဏာနှင့်ပတ်သက်ဆက်နွယ်နေမှုများကို ပုံဖော်ရန် အသုံးပြုသည့်နည်းလမ်းတစ်ခုဖြစ်သည်။ အခင်းအကျင်းမြေပုံတွင် မည်သည့်စနစ်တွင်မဆိုတည်ရှိနေသည့်သက်ဆိုင်ပါဝင်သူများကို စက်ဝိုင်းများဖြင့်ဖော်ပြ သည်။ ၎င်းတို့၏ "ဩဇာအာဏာ" သို့မဟုတ် ၎င်းတို့၏ "ရင်းမြစ်များ" (ပစ္စည်းဥစ္စာနှင့် ပစ္စည်းဥစ္စာ မဟုတ်သည်များ နှစ်ခုလုံး အကျုံးဝင်သည်)။ အခင်းအကျင်းအပေါ်၎င်းတို့၏လွှမ်းမိုးနိုင်မှုကိုမူ စက်ဝိုင်း အရွယ်အစားဖြင့် ဖော်ပြနိုင်သည် – ပို၍ဩဇာအာဏာရှိသည့်သက်ဆိုင်ပါဝင်သူကို ပိုကြီးသည့်စက်ဝိုင်းဖြင့် ဖော်ပြပြီး ဩဇာအာဏာနည်းသည့်သက်ဆိုင်ပါဝင်သူကို ပိုငယ်သည့်စက်ဝိုင်းဖြင့်ဖော်ပြသည်။ မတူညီသည့် သက်ဆိုင်ပါဝင်သူများ၏ အာဏာပါဝါခွဲဝေမှုများအပေါ်သင့်ယူဆချက်/အမြင်ကိုပုံဖော်နိုင်ရန်အောက်ဖော်ပြပါ မြေပုံကိုအသုံးပြုနိုင်သည်။ မတူညီသည့်သက်ဆိုင်ပါဝင်သူများအကြားဆက်ဆံရေး (ပွတ်တိုက်မှု၊ ရန်လိုမှု၊ မိတ်ဖွဲ့မှု၊ မဟာမိတ်)ကို မတူညီသည့် မျဉ်းပုံစံများဖြင့် ဖော်ပြထားသည်။ သက်ဆိုင်ပါဝင်သူများအကြား အဓိကပြဿနာရပ်များကိုလည်း ထင်သာမြင်သာရှိအောင် ဖော်ပြနိုင်သည် – ဥပမာ အောက်တွင်ဖော်ပြထား သည့်ဥပမာအတိုင်း စတုဂံ/စာသားအကွက်ဖြင့် ဖော်ပြနိုင်ပါသည်။

လက်ရှိ အခင်းအကျင်းတွင်သက်ဆိုင်ပါဝင်နေများအကြောင်းကိုခြုံငုံသိရှိလိုပါက actor mapping ပြုလုပ်ခြင်း သည် အသုံးဝင်သည့်နည်းလမ်းဖြစ်ပြီး သင့်သုတေသနစီမံချက်ကြောင့် မတူညီသည့်သက်ဆိုင်ပါဝင်သူ အဖွဲ့များကြားပတ်သက်ဆက်နွယ်မှုအပေါ် မည်သို့သက်ရောက်မှုရှိနိုင်သည်ဟု ကနဦးသိရှိနိုင်မည်ဖြစ်သည်။





ရင်းမြစ်: Fisher, et al. (2000: 23) // https://gsdrc.org/topic-guides/conflict-analysis/core-elements/ မှကူးယူဖော်ပြသည်။

## ကြက်သွန်နီ (THE ONION)

သက်ဆိုင်ပါဝင်သူများ၏လှုပ်ရှားမှုများနှင့်ထုတ်ပြန်ချက်များနောက်ကွယ်မှတွန်းအားကိုသိနားလည်ခြင်းဖြင့် ၎င်းတို့၏ရပ်တည်ချက်အနေအထားကိုသင်ပိုမိုကောင်းမွန်စွာသဘောပေါက်ပြီး သင်သည် အခြားသက်ဆိုင် ပါဝင်သူများကိုထိခိုက်ကာ၎င်းတို့၏အကျိုးစီးပွားများနှင့်အစီအစဉ်များကို ထိပါးနေသူ သို့မဟုတ် မြှင့်တင်ပေးသူဟူသည့် အမြင်မျိုးမဖြစ်အောင် ရှောင်ကျဉ်နိုင်လိမ့်မည် ဖြစ်သည်။

ကြက်သွန်နီနည်းလမ်းသည် အခင်းအကျင်း ရှိသက်ဆိုင်ပါဝင်သူတစ်ဦး၏ထုတ်ပြန်ချက်နောက်ကွယ်တွင် မည်သည်တို့ရှိနေသည်၊ မည်သည်တို့ကိုတောင်းဆိုနေသည်ဟု သင်စနစ်တကျနားလည်လာစေသည်။ လေ့လာသုံးသပ်မှုတွင် ကြက်သွန်နီ၏မတူညီသည့်အလွှာများကိုခွာထုတ်လိုက်ခြင်းဖြင့် သက်ဆိုင်ပါဝင်သူတစ်ဦးက အများမြင်သာအောင်ထုတ်ပြလိုက်သည့်ရပ်တည်ချက်နောက်ကွယ်ရှိ အကျိုးစီးပွားများနှင့် လိုအပ်ချက်များ ကို မြင်သာလာစေသည်။




ရင်းမြစ်: Fisher, et al. (2000: 27) // https://gsdrc.org/topic-guides/conflict-analysis/core-elements/ မှကူးယူဖော်ပြသည်။

## အခင်းအကျင်းလေ့လာသုံးသပ်မှု (CONTEXT ANALYSIS) ကိုအသုံးပြုခြင်း

### သင်တန်းခန်းမ လေ့ကျင့်ခန်း ၂ – CONTEXT ANALYSIS ကိုအသုံးပြုခြင်း

**ရည်ရွယ်ချက်–** သင်တန်းသူ/သားများသည် ၎င်းတို့သုတေသနအခင်းအကျင်းရှိအခြေအနေတစ်ရပ်ကို စနစ်တကျ လေ့လာသုံးသပ်မှုပြုလာနိုင်သည်။

**လိုအပ်သည့်ပစ္စည်းများ–** စာရွက်ချပ်အလွတ်ကြီးများ၊ ရောင်စုံကတ်များ၊ မာကာ။ လိုအပ်ပါက – လေ့လာ သုံးသပ်မှုနည်းလမ်းများ (analysis tools) အကြောင်းလက်ကမ်းစာစောင်များ

**လိုအပ်သည့်အချိန်–** အုပ်စုအရွယ်အစားပေါ်မူတည်၍ သီးသန့်အဖွဲ့ငယ်(breakout group) ၃ ဖွဲ့ခွဲကာ ဆွေးနွေးချိန်အနည်းဆုံး ၉၀ မိနစ်ဖြစ်ပါသည်။ ပံ့ပိုးကူညီသူများက analysis tools များကိုမိတ်ဆက်ရှင်းပြ သည့်အချိန်နှင့် မေးခွန်း+အဖြေကဏ္ဍအတွက် စုစုပေါင်း ၃၀ မိနစ်ဖြစ်ပြီး ၎င်း ၃၀ မိနစ်ကို မိနစ် ၉၀ တွင် ထည့်မတွက်ပါ။

---

သင်တန်းသူ/သားများပေးအပ်သည့်ကိစ္စရပ်ဥပမာများ(cases)အား လေ့လာသုံးသပ်သည့်လုပ်ငန်းစဉ်ကို အောက်တွင်ဖော်ပြထားသည်။ ဤနည်းဖြင့်သင်တန်းခန်းမတွင်း လေ့လာမှုများပိုမိုကျစ်လျစ်ခိုင်မာစေပြီး သင်တန်းသူ/သားများအတွက် ယှဉ်ထိုးချိတ်ဆက်နိုင်မှု ပိုမိုလွယ်ကူလာစေသည်။ သို့သော်လည်း ဤချဉ်းကပ်မှုသည် သင်တန်းသူ/သား များက ဥပမာများပေးလိုမှု၊ အဆိုပါဥပမာများ၏ အခင်းအကျင်းဆိုင်ရာသတင်းအချက်အလက်များကို ပေးနိုင်မှု နှင့် စနစ်တကျလေ့လာသုံးသပ်နိုင်စွမ်းအပေါ် မူတည်ပါသည်။

အကယ်၍ သင်တန်းသူ/သားများသည် အကြောင်းအမျိုးမျိုးကြောင့် ဥပမာပေးရန်သက်တောင့်သက်သာ မဖြစ်မှု သို့မဟုတ် အခြား သင်တန်းသူ/သားများ၏ ဥပမာဖြစ်ရပ်များကိုလည်းဆွေးနွေးရန်တုံ့ဆိုင်းနေမှု များဖြစ်ပေါ်ပါက သင်တန်းပံ့ပိုးကူညီသူသည် အခြားအခင်းအကျင်း တစ်ခုမှ ဖြစ်ရပ်တစ်ခုကိုစိတ်ကူးဖြင့် ဖန်တီး၍ ဥပမာပေးနိုင်သည် (လူပုဂ္ဂိုလ်အမည် သို့မဟုတ် အဖွဲ့အစည်းအမည်များကို အမည်လွှဲဖြင့် ဥပမာ ပေးနိုင်ပါသည်)။ ဤနည်းဖြင့် သင်တန်းပံ့ပိုးကူညီသူသည် သင်တန်းလုပ်ငန်းစဉ်အပေါ်ပို၍ထိန်းကျောင်းနိုင်ပြီး လေ့ကျင့်ခန်း အတွက်လုံလောက်သည့် ဖြစ်ရပ်များကိုဥပမာအဖြစ်အသုံးပြုနိုင်မည်ဖြစ်သည်။ သို့သော်လည်း ပံ့ပိုးကူညီ သူတွင် ထို ဥပမာများကိုကြိုတင်ပြင်ဆင်ရသည့်အလုပ်တာဝန်ပိုလာနိုင်ပါသည်။

› Context analysis လေ့ကျင့်ခန်းကို သင်တန်းသူ/သားများ၏အလုပ်နှင့်သက်ဆိုင်သည့်ဥပမာများ အပေါ်အခြေပြု၍ဆောင်ရွက်လိုကြောင်း ပံ့ပိုးကူညီသူက ရှင်းပြပါ။ ထို့အတွက် သင်တန်းသူ/သား အချို့အနေဖြင့် ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့အဖွဲ့အစည်းက မကြာသေးမီက သုတေသန ဆောင်ရွက်ခဲ့သည့် သို့မဟုတ် ဆောင်ရွက်နေဆဲ သို့မဟုတ် မကြာမီဆောင်ရွက်ရန်စီစဉ်ထားသည့် နေရာဒေသ(ပထဝီနေရာဒေသ)အကြောင်းကို ဥပမာပေးနိုင်မည်လားမေးပါ။ ဥပမာပေးလိုသည့် သင်တန်းသူ/သားများက ၎င်းတို့ case များကို အားလုံးမျက်နှာစုံညီရှေ့တွင် မျှဝေပြောကြားမည်ဖြစ် ပြီး သင်တန်းပံ့ပိုးကူညီသူက အဓိက အချက်အလက်များနှင့်မေးခွန်းများကို ကောက်နုတ်ထားရမည်။ ဤလုပ်ဆောင်ချက်သည် ၂ မိနစ် မှ ၅ မိနစ်ထက်ပိုမကြာသင့်ပါ။

› သင်တန်းသူ/သားများအား ၎င်းတို့စိတ်ဝင်စားရာအလိုက် breakout group များခွဲပေးရမည်။ Case ဥပမာပြောကြားပေးမည့်သူများက ၎င်းတို့သုတေသန(ပထဝီ)နေရာဒေသ၏ အခင်းအကျင်းအတွင်းရှိ ပြဿနာရပ်များနှင့် အခင်းအကျင်း၏ပြောင်းလဲနေမှုများကို အဖွဲ့အတွင်း လုံလုံလောက်လောက် ရှင်းပြပေးနိုင်ရန်လိုအပ်ပါသည်။ အဖွဲ့အတွင်းရှိသင်တန်းသူ/သားများက ဥပမာပြောကြားပေးသူကို မေးခွန်းများ မေးမြန်းပြီး သက်ဆိုင်ရာသတင်းအချက်အလက်များကိုကောက်နုတ်ယူထားရမည်။ အထက်တွင်ရှင်းပြထားသည့် လေ့လာသုံးသပ်မှုခေါင်းစဉ်များ(analysis categories)အလိုက် သတင်း အချက်အလက်များကို စနစ်တကျတည်ဆောက်ရမည်။ သင်တန်းသူ/သားများဆန္ဒရှိပါက အထက်တွင် ဖော်ပြခဲ့သည့် analysis tools များကိုသုံး၍ အခင်းအကျင်းဆိုင်ရာသတင်းအချက်အလက်များကို စနစ် တကျတည်ဆောက်နိုင်ပါသည်။

› သတင်းအချက်အလက်များပျောက်ဆုံးခြင်း၊ အချက်အလက်များရှေ့နောက်ကိုက်ညီမှုမရှိခြင်း၊ မသေ ချာမရေရာခြင်း၊ အဖွင့်မေးခွန်းများမေးခြင်းတို့ဖြစ်ပေါ်ပါလျှင် – ပျောက်ဆုံးသတင်းအချက်အလက်များ အား မည်သို့ကောက်ယူနိုင်မည်၊ မည်သူနှင့်စကားပြောဆိုနိုင်မည်ဟု သင်တန်းသူ/သားများက ရှင်းပြ ခြင်း စသဖြင့်။ အဖွဲ့များအတွင်းရှိ သင်တန်းသူ/သားများ သဘောထားမတိုက်ဆိုင်ခဲ့သည်ရှိသော် သို့မဟုတ် လေ့လာသုံးသပ်မှု၏အချို့ရှုထောင့်များနှင့်ပတ်သက်၍ မတူသည့်အမြင်များရှိခဲ့သော် ထို အကြောင်းအရာများအား နောက်ထပ်လေ့လာဆန်းစစ်မှုများပြုလုပ်ရန် မှတ်သားထားရပါမည်။ သုတေသနစီမံချက်၏ အခင်းအကျင်း(intervention context)ရှိ ပြဿနာရပ်များအပေါ် ရှုမြင်ပုံအမျိုး မျိုးရှိခြင်းကြောင့် ဤသို့အမြင်ကွဲပြားခြင်းဖြစ်နိုင်ပါသည်။

› အုပ်စုလိုက်ဆွေးနွေးမှုများအား ပြန်လည်လေ့လာကြသည့်အခါ ပံ့ပိုးကူညီသူများသည် အောက်ပါတို့ ကို သင်တန်းသူ/သားများနှင့်အတူတကွ ပြန်လည်သုံးသပ်ရပါမည် –

- လေ့လာသုံးသပ်မှု (analysis)ဘောင်/နယ်ပယ်သည် သင့်လျော်ပါသလား (ကျွန်ုပ်တို့လေ့လာနေတဲ့ အခင်းအကျင်း အတိအကျကဘာပါလဲ)
- လေ့လာသုံးသပ်မှု (analysis)သည် အဓိကမောင်းနှင်သည့်အချက်များနှင့် အဓိကသက်ဆိုင်ပါဝင်သူ တို့ကိုဖော်ထုတ်ပေးပါသလား
- မြင်နိုင်ရန်ခက်သည့်ပုံစံများကိုလည်း Analysis ကထည့်သွင်းစဉ်းစားပါသလား – ဥပမာ ဝန်ဆောင်မှု များ မရရှိအောင်ဖယ်ထုတ်ခံရခြင်း၊ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင်ပါဝင်ခွင့်မရအောင် ဖယ်ထုတ်ခံရခြင်း
- Analysis သည် အမျိုးသမီးများနှင့်အမျိုးသားများအပေါ် မတူညီသည့်သက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားပါသလား
- Analysis သည်အဖွဲ့အစည်း၏ကျွမ်းကျင်မှု/အကျိုးစီးပွားကိုမျက်နှာသာပေးမှု(ဘက်လိုက်မှု) ရှိပါသ လား – ဥပမာ မြေနှင့်ပတ်သက်၍

---

(ဆက်ရန်)

## သင်တန်းခန်းမ လေ့ကျင့်ခန်း ၂ (တွဲဆက်)

အကြံပြုချက်များ-

- သင်တန်းသူ/သားများက ၎င်းတို့၏ Case များအားတင်ပြကြသည့်အခါ အသေးစိတ်အချက် အလက်များတွင်မျောပါ၍ အချိန်ကုန်ဆုံးသွားခြင်းမဖြစ်ရအောင် ဂရုပြုပါ။
- ရှင်းရှင်းလင်းလင်းသိလာသင့်သည်မှာ – သုတေသနလုပ်ခဲ့သလား/ လုပ်နေဆဲလား သို့မဟုတ် လုပ်ဖို့စီစဉ်ထားသလား၊ သုတေသန၏စိတ်ဝင်စားမှု/ ရည်ရွယ်ချက်ကဘာပါလဲ၊ ဘယ်သူတွေပါ တာလဲ (မျှဝေ၍အဆင်ပြေမည်ဆိုပါက အမည်လွှဲဖြင့်ပြောပြနိုင်ပါသည်)၊ Case ဥပမာပေးသူသည် သူ/သူမ ၏အဖွဲ့အတွင်း အခင်းအကျင်းပြောင်းလဲနေမှုဆိုင်ရာသတင်းအချက်အလက်များ လုံလုံ လောက်လောက်ပေးနိုင်ရန်အတွက် အခင်းအကျင်းအကြောင်း ကောင်းကောင်းသိပါသလား။ ရည်ရွယ်ချက်မှာ အခြားသင်တန်းသူ/သားများအနေဖြင့်လည်း case ဥပမာသည် ၎င်းတို့အတွက် စိတ်ဝင်စားဖွယ် ကောင်း/မကောင်းဆုံးဖြတ်နိုင်ရန်၊ သင်တန်းပံ့ပိုးကူညီသူများအနေဖြင့်လည်း သင်တန်းသူ/သား အချို့တင်ပြသည့် case ဥပမာသည် လေ့ကျင့်ခန်းအတွက်သင့်လျော်မှု ရှိ/မရှိနှင့် အခင်းအကျင်းဆိုင်ရာ လုံလောက်သည့်သတင်းအချက်အလက်များ ကနဦးကတည်းက ရရှိနိုင်ခြင်း ရှိ/မရှိ ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။
- အုပ်စုလိုက်ဆွေးနွေးပြီးပါကပြန်လည်တင်ပြမည့်နည်းလမ်းကို ပံ့ပိုးကူညီသူများကဆုံးဖြတ်ရန်ဖြစ်သည်။ Breakout group များက မျက်နှာစုံညီတွင်ပြန်လည် တင်ပြလိမ့်မည်ဟု ကြိုတင်တွက်ဆမိ ပါလျှင်တစ်ဖွဲ့ကို အနည်းဆုံး ၁၅ မိနစ်တင်ပြချိန်ပေးရန်တွက်ချက်ထားသင့်ပါသည် (မေးခွန်းနှင့်ဖြေကြားခြင်း အပါအဝင် ၁၅ မိနစ်)

## လက်တွေ့အသုံးချမှု – လုပ်ဆောင်နေဆဲ အခင်းအကျင်းအပေါ်လေ့လာသုံးသပ်မှု – အမြန်စစ်ဆေးနိုင်သည့် စာရင်း

- ရာထူး/အခန်းကဏ္ဍ – ဘယ်သူတွေက ဘယ်လိုပါဝင်နေတာလဲ
- သက်ဆိုင်ပါဝင်သူများအားဖော်ထုတ်ဆန်းစစ်ခြင်း
- သတင်းအချက်အလက်ရင်းမြစ်ကောင်းများအားသတ်မှတ်ခြင်း (နှိုင်းယှဉ်ကြည့်ခြင်းနှင့် အွန်လိုင်း)
- တိုင်ပင်ဆွေးနွေးမှုများ၊ အင်တာဗျူးများ၊ ဦးတည်အုပ်စုဆွေးနွေးမှုများ အတွက် အချိန်ဇယား/ကြားကာလများကိုလေ့လာစောင့်ကြည့်ခြင်း
- အချက်အလက်လေ့လာသုံးသပ်ခြင်းနှင့်လုံခြုံမှု
- ထဲထဲဝင်ဝင်လေ့လာသုံးသပ်မှု
- လေ့လာသုံးသပ်မှုကိုမျှဝေခြင်း–ဘယ်သူနဲ့လဲ၊ ဘယ်လိုမျှဝေမှာလဲ

## ၄.၃။ အခင်းအကျင်းအပေါ်အကဲဆတ်ခြင်းဆိုင်ရာလေ့လာသုံးသပ်မှု – အဆင့် ၂။ သုတေသနစီမံချက်နှင့်အခင်းအကျင်းတို့အကြား အပြန်အလှန် သက်ရောက်မှုများကို နားလည်ခြင်း

လုပ်ငန်းဆောင်ရွက်ချက်(ဤနေရာတွင် သုတေသနစီမံချက်/လုပ်ငန်းစဉ်ကို ဆိုလိုသည်)နှင့် အခင်းအကျင်း ကြား အပြန်အလှန်သက်ရောက်မှုကို နည်းလမ်း ၂ သွယ်ဖြင့်နားလည်ရန်လိုအပ်သည် – စီမံချက်အပေါ် အခင်းအကျင်း၏ သက်ရောက်မှုနှင့် စီမံချက်ကြောင့် အခင်းအကျင်းအပေါ်သက်ရောက်နိုင်မှုများ ဖြစ်ပါသည်။

ပထမရှုထောင့်ကို ယေဘုယျအားဖြင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း (risk management)ဖြင့် ရည်ညွှန်း ကြသည်။ ဒုတိယရှုထောင့်ကမူ စီမံချက်ကြောင့် အခင်းအကျင်းအပေါ်မရည်ရွယ်ဘဲဆိုးကျိုးသက်ရောက်နိုင် ခြေ (တည်ရှိနှင့်ပြီးဖြစ်သောတင်းမာမှုများကိုပိုဆိုးစေခြင်း သို့မဟုတ် တင်းမာမှုအသစ်များဖြစ်ပေါ်စေခြင်း ) နှင့် ကောင်းကျိုးသက်ရောက်နိုင်မှု (တင်းမာမှုများအားလျော့ပါးစေခြင်း သို့မဟုတ် ငြိမ်းချမ်းရေး၊ လူမှုဆိုင်ရာ သင့်မြတ်ခြင်း စသည်တို့ကိုကူညီပံ့ပိုးသည့်အရာများကို အားကောင်းလာစေခြင်း)များကို ရည်ညွှန်းခြင်း ဖြစ်သည်။

ထိုသို့အပြန်အလှန်သက်ရောက်မှုများ၏တိကျသောသဘောသဘာဝသည် အခင်းအကျင်း အပေါ်မူတည်ခြင်း ကြောင့် case တစ်ခုချင်းအလိုက် လေ့လာဆန်းစစ်ရသည်။

**အခင်းအကျင်းသည် သုတေသနအပေါ် မည်သို့သက်ရောက်နိုင်သနည်း** ဟူသည့် ဥပမာအချို့ –

- စိတ်ဝင်စားရာနယ်မြေအချို့ကိုသွားလာခွင့်အကန့်အသတ်ရှိခြင်း
- သုတေသနပြုသူများသည် ရပ်ရွာများအတွင်းလေ့လာစောင့်ကြည့်မှုပြုရန် အချိန်ကြာကြာနေခွင့်မရ ခြင်း
- သုတေသီများသည် လုံခြုံရေးကြောင့် လူများနှင့်တွေ့ဆုံခွင့်မရခြင်း

**သုတေသနသည် အခင်းအကျင်းအပေါ် မည်သို့ဆိုးကျိုးသက်ရောက်နိုင်သနည်း/** အန္တရာယ်ပြုနိုင်သနည်း ဟူသည့် ဥပမာအချို့–

- သုတေသနတွင်ပါဝင်သူများအပေါ်အန္တရာယ်ဖြစ်ပေါ်စေခြင်း – ဥပမာ လက်နက်ကိုင်များ/ဩဇာ အာဏာရှိသူ သက်ဆိုင်ပါဝင်သူများက သုတေသီများကောက်ယူထားသည့် ထိရှလွယ်သောအချက် အလက်များကို ရရှိသွားခြင်း သို့မဟုတ် သုတေသနတွင်ပါဝင်သူများကိုသိရှိသွားခြင်း
- ကိစ္စရပ်များ/ပြဿနာများကိုပိုမိုသတိမူမိလာအောင်ဆောင်ရွက်ရာ၌ သုတေသနလုပ်ငန်းစဉ်၏ ရလဒ်အနေဖြင့် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အပြောင်းအလဲဖြစ်ပေါ်လိမ့်မည်ဟု မျှော်လင့်ချက်များ ကို သွယ်ဝိုက်မြှင့်တင်မိခြင်း
- စိတ်ဒဏ်ရာများကိုပြန်လည်တူးဆွမိနိုင်ခြင်းများ
- သုတေသနပြုရန်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများထံမှအချိန်ယူရပေမည် – ငြိမ်းချမ်းရေးအတွက် စွမ်းဆောင်ရည်များကိုထိခိုက်စေနိုင်သည် သို့မဟုတ် လက်ရှိဖယ်ထုတ်ခံရမှုပုံစံများကို ပိုမို ဆိုးရွားစေနိုင်သည်

သုတေသနကြောင့် အခင်းအကျင်းအပေါ်မည်သို့ကောင်းကျိုးသက်ရောက်နိုင်သနည်းဟူသည့် ဥပမာအချို့ –

- သဘောထားမတိုက်ဆိုင်မှုနှင့်တင်းမာမှုများကိုဖြစ်ပေါ်စေသည့်အရာများအား ဖြေရှင်းရန်အတွက် အကူအညီပေးနိုင်သည့် သုတေသနရလဒ်များထွက်ပေါ်ခြင်း
- ကျူးလွန်ခံရသူများ၏အသံများကိုကြားသိခွင့်ရခြင်းနှင့် မတူညီသည့်ဖြစ်ရပ်များ(narratives)ကို ထင် သာမြင်သာရှိလာစေခြင်း
- နယ်ပယ်အသီးသီးနှင့် သက်ဆိုင်ပါဝင်သူများအတွက် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် နေရာ/အခွင့်အလမ်း များကိုအားကောင်းလာစေခြင်း

## ၄.၄။ အခင်းအကျင်းအပေါ်အကဲဆတ်ခြင်းဆိုင်ရာ လေ့လာသုံးသပ်မှု – အဆင့်၃။သုတေသနစီမံချက်နှင့်အခင်းအကျင်းတို့ အကြားအပြန်အလှန်သက်ရောက်မှုအပေါ်နားလည်မှု ကိုအခြေခံ၍ ဆိုးကျိုးသက်ရောက်မှုကိုရှောင်ကျဉ်နိုင် ရန်နှင့် ကောင်းကျိုးသက်ရောက်မှုအမြင့်ဆုံးရရှိရန် ဆောင်ရွက်ခြင်း

စီမံချက်နှင့် အခင်းအကျင်းတို့အကြား ဖြစ်ပေါ်နိုင်ခြေရှိသည့်အပြန်အလှန် သက်ရောက်မှုအပေါ် နားလည်ခြင်း အပြင် သုတေသနလုပ်ငန်းစဉ်ကိုထိန်းညှိခြင်း လည်းလိုအပ်ပြီး သို့မှသာလျှင် အခင်းအကျင်းအပေါ်အကဲဆတ် သည့်ဆောင်ရွက် ချက်ဖြစ်လိမ့်မည်။

ဆိုလိုသည်မှာအနည်းဆုံးအနေဖြင့် စီမံချက်ကြောင့် မရည်ရွယ်ဘဲဖြစ်ပေါ်သွားနိုင် သည့်ဆိုးကျိုးသက်ရောက် မှုများအား လျှော့ချနိုင်ခြင်းဖြစ်သည်။ “အန္တရာယ်မဖြစ် စေရေး – Do no Harm” အခြေခံမူကိုလိုက်နာခြင်း သည် အနိမ့်ဆုံးစံနှုန်းကိုလိုက်နာ ခြင်းဖြစ်သည်။

မူလရည်ရွယ်ချက်တွင်မပါဝင်သော်လည်း – အနိမ့်ဆုံးစံနှုန်းကိုကျော်လွန်ပြီး ထည့်သွင်းစဉ်းစားခြင်းများနှင့် အခင်းအကျင်းအပေါ်သုတေသနစီမံချက်၏ ကောင်းကျိုးသက်ရောက်နိုင်မျှားအားအမြင့်ဆုံးဖြစ်စေရန် အခွင့် အလမ်းများအား ကြိုကြိုတင်တင်လေ့လာဆန်းစစ်ခြင်းတို့ပြုလုပ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

### သုတေသနဆောင်ရွက်ချက်များတွင် အခင်းအကျင်းအပေါ်အကဲဆတ်သည့်အမြင်များ (context sensitive lens) ပေါင်းစည်းထည့်သွင်းခြင်း–

**အဓိကအစိတ်အပိုင်း ၃ ခု**

- ကြိုတင်စီစဉ်ခြင်း
- အကောင်အထည်ဖော်ခြင်း (အင်တာဗျူးများ၊ သုတေသနရလဒ်များကို လေ့လာသုံးသပ်မှုများနှင့် တင်ပြမှုများအပါအဝင်)
- အကဲဖြတ်ခြင်းနှင့်သင်ယူလေ့လာခြင်း

## သင်တန်းခန်းမ လေ့ကျင့်ခန်း ၃ – သုတေသနစီမံချက်တွင် အခင်းအကျင်းအပေါ်အကဲဆတ်သည့်အမြင်များ (CONTEXT SENSITIVITY LENS) ပေါင်းစည်းထည့်သွင်းခြင်း

**ရည်ရွယ်ချက်–** သင်တန်းသူ/သားများသည် context sensitivity ၏သဘောတရားကို ၎င်းတို့သုတေသန စီမံချက်များ၏ အခင်းအကျင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်သည်

**လိုအပ်သည့်ပစ္စည်းများ–** မာကာများ၊ ကတ်များ၊ စာရွက်အလွတ်အချပ်ကြီးများ၊ လမ်းညွှန်မေးခွန်းများပါ သည့်လက်ကမ်းစာစောင်များ

**လိုအပ်သည့်အချိန်–** အဖွဲ့အရွယ်အစားအပေါ်မူတည်သည်၊ Breakout group ၃ ဖွဲ့ခွဲ၍ လေ့လာဆွေးနွေး သည့်အခါတွင် အနည်းဆုံးအချိန် ၁၂၀ မိနစ်

- သင်တန်းသူ/သားများအား Breakout group ဖွဲ့ပေးပါ။ အဖွဲ့တိုင်းတွင် case study (ဖြစ်ရပ်လေ့လာ ချက်)တစ်ခုရှိမည်ဖြစ်ပြီး မကြာသေးမီကပြုလုပ်ခဲ့သည့် သို့မဟုတ် လက်ရှိပြုလုပ်နေဆဲဖြစ်သည့် သို့မ ဟုတ် မကြာမီပြုလုပ်ရန်ပြင်ဆင်ထားသည့် သုတေသနစီမံချက်တစ်ခုအကြောင်းဖြစ်သည်။ အဆိုပါ case study များအားမျှဝေပေးမည့်သင်တန်းသူ/သားများသည် –
  - Case ကိုမျှဝေလိုမှုနှင့် အဖွဲ့လိုက်ဆွေးနွေးရန်အတွက် Case ကိုဥပမာအဖြစ်အသုံးပြုရန် ဆန္ဒရှိသူဖြစ် ရမည်
  - ရင်းမြစ်ပုဂ္ဂိုလ်(resource person)အဖြစ်ဆောင်ရွက်ရန်နှင့် အဖွဲ့အတွက် သတင်းအချက်အလက်များ ပေးအပ်သူအဖြစ်ဆောင်ရွက်ရန် သုတေသနစီမံချက်အကြောင်း ကောင်းစွာသိနားလည်ထားသူ ဖြစ်ရ မည်

- သက်ဆိုင်ရာ Breakout groups များတွင် သင်တန်းသူ/သားများသည် “အထုပ်ဖြည်သကဲ့သို့” ၎င်းတို့ case study (သုတေသနစီမံချက်)၏ အဓိကရှုထောင့်များဖြစ်သည့် သုတေသနဒီဇိုင်းနှင့်သုတေသန လုပ်ငန်းစဉ်ကို လေ့လာသုံးသပ်ကြပါမည်။ အောက်ပါမေးခွန်းများနှင့်ပတ်သက်၍လေ့လာသုံးသပ်မည် ဖြစ်ပြီးမေးခွန်းများမှာ – သုတေသနကိုမည်သည့်နေရာဒေသတွင်ဆောင်ရွက်သနည်း (မည်သည့် ဒေသတွင် မဆောင်ရွက်သနည်း)၊ မည်သည့်အကြောင်းအရာကို သုတေသနပြုသနည်း၊ သုတေသန လုပ်ဆောင်ချက်များကို မည်သည့်အချိန်တွင်ဆောင်ရွက်သနည်း၊ (မည်သူ့အတွက်) မည်သူတို့နှင့်အတူ ဆောင်ရွက်သနည်း (မည်သူတို့နှင့် မဆောင်ရွက်သနည်း)၊ မည်သည့်အတွက်ကြောင့် သုတေသနပြုရ သနည်း/ မည်သည့်ရည်ရွယ်ချက်နှင့်သုတေသနပြုသနည်း၊ အချက်အလက်ကောက်ယူခြင်း/ လေ့လာ သုံးသပ်ခြင်းနှင့် သုတေသနရလဒ်များအားအသိပေးမျှဝေခြင်းတို့ကို မည်သို့လုပ်ဆောင်မည်နည်း။ အဆို ပါမေးခွန်းများကိုလေ့လာသုံးသပ်ခြင်းဖြင့် သင်တန်းသူ/သားများသည် အောက်ပါတို့ကို ဖော်ထုတ်လာ နိုင်သည် –
  - ၎င်းတို့သုတေသနစီမံချက်ကြောင့် မရည်ရွယ်ဘဲဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးသက်ရောက်မှုများ နှင့် ကြုံနိုင်ဖွယ်ရှိသည့်အန္တရာယ်/ဆုံးရှုံးနိုင်ခြေများ (context sensitivity ဆိုင်ရာ စိုးရိမ်မှုများ)
  - ၎င်းတို့သုတေသနစီမံချက်ကြောင့်ရရှိနိုင်သည့်ကောင်းကျိုးသက်ရောက်မှုများ (context sensitivity ဆိုင်ရာအခွင့်အလမ်းများ)
  - ထို့အပြင် သုတေသနစီမံချက်အတွက် အခင်းအကျင်းမှထွက်ပေါ်လာသည့် အန္တရာယ်ဖြစ်နိုင် ခြေ/ ဆုံးရှုံးနိုင်ခြေများ

- ဤလေ့လာသုံးသပ်မှုတွင် အခင်းအကျင်းအတွင်းသုတေသနအဖွဲ့အစည်း၏ရပ်တည်နေမှုအနေအထားကို လည်း ထည့်သွင်းရန်စဉ်းစားရန်အရေးကြီးသည်။

သုတေသနစီမံချက်များ၏ context sensitivity ကိုပြန်လည်လေ့လာသုံးသပ်ရာတွင်ဆွေးနွေးရန်မေးခွန်း များအတွက် အောက်ဖော်ပြပါအချက်များက လမ်းညွှန်မှုပေးနိုင်သည် ။ သို့သော်အောက်ဖော်ပြပါစာရင်းသည် ပြီးပြည့်စုံသည်ဟူ၍မရှိဘဲ မိမိသုတေသနစီမံချက်အပေါ်မူတည်၍ အခြား သက်ဆိုင်ရာမေးခွန်းများလည်း ထည့်သွင်းနိုင်သည်။[၃]

သုတေသနစီမံချက်များအတွက် Context sensitivity ဆိုင်ရာထည့်သွင်းစဉ်းစားချက်များ

- သုတေသနဒီဇိုင်း –
  - သုတေသနအကြောင်းအရာ(topic) – မည်သူတို့အတွက်သင့်လျော်ပါသနည်း။ မည်သူတို့အကျိုး ရှိမည်နည်း။
  - သုတေသနဆောင်ရွက်သည့်အခင်းအကျင်း – လက်လှမ်းမီရောက်ရှိနိုင်မှု၊ လုံခြုံရေးနှင့် အချက် အလက်အရည်အသွေးတို့အတွက် မည်သို့ကောက်ချက်ဆွဲနိုင်သနည်း
  - ပြောင်းလဲလွယ်သည့် အခင်းအကျင်းနှင့်အညီလိုက်လျောညီထွေဖြစ်စေရန် သင် မည်သည့်အရာ များ ဆောင်ရွက်နိုင်သနည်း
  - သုတေသနကိုမည်သည့်ဘာသာစကားဖြင့် ပြုလုပ်သနည်း။ မည်သည့်အခေါ်အဝေါ်များ (terminology)နှင့် မည်သည့်ဆွေးနွေးချက်များ(discourses)ကို အသုံးပြုသနည်း (မည်သူတို့ က ထိုအခေါ်အဝေါ်/ဆွေးနွေးချက်များနှင့် ရင်းနှီးသနည်း၊ ထိုသူတို့က မည်သည့် ထင်မြင်ယူဆ ချက်များကို ပေးခဲ့သနည်း)
  - ဖော်ထုတ်၍ရနိုင်သည့် အဓိကအန္တရာယ်များ/ဆုံးရှုံးနိုင်မှုများ(risks) က အဘယ်နည်း။ ၎င်းတို့ ကို သင်မည်သို့လေ့လာဆန်းစစ်မည်နည်း – မြင့်မားသည့် သို့မဟုတ် အလယ်အလတ် သို့မဟုတ် နိမ့်ပါးသည့် risk များဖြစ်ပါသလား။

(ဆက်ရန်)

[၃] ဥပမာများကို Bentele 2020. ကိုအခြေခံ၍တင်ပြထားခြင်းဖြစ်သည်။

## သင်တန်းခန်းမ လေ့ကျင့်ခန်း ၃ (တွဲဆက်)

› အခင်းအကျင်းအတွင်း ရပ်တည်မှုအနေအထား

- အခင်းအကျင်းတွင် သင့်ကိုမည်သို့ရှုမြင်ကြသနည်း။ မည်သူ/မည်သည့်အဖွဲ့အစည်းများနှင့် သင ပူး ပေါင်းဆောင်ရွက်ပြီး အခင်းအကျင်းတွင် သင့်မိတ်ဖက်များအပေါ် မည်သို့ရှုမြင်ကြသနည်း။
- အလှူရှင်(အဖွဲ့)နှင့် အလှူရှင်တို့၏အစီအစဉ်ကို အခင်းအကျင်းတွင်မည်သို့ရှုမြင်ကြသနည်း။
- သုတေသနအကြောင်းအရာကို မည်သို့ရှုမြင်ကြသနည်း။ နိုင်ငံရေး သို့မဟုတ် လူမှုရေးအရ ထိရှ လွယ်သည့်အကြောင်းအရာဖြစ်ပါသလား။
- သုတေသနကိုယ်တိုင်က အပြုသဘော သို့မဟုတ် အနှုတ်သဘောဆောင်နေပါသလား။ သုတေ သနပြီးဆုံးချိန်တွင် သုတေသန၌ပါဝင်ခဲ့သူများအပေါ် မည်သို့ရှုမြင်ကြမည်နည်း – ၎င်းတို့အပေါ် အန္တရာယ်ကျရောက်နိုင်ပါသလား။
- သုတေသနတစ်လျှောက်လုံးတွင် ထိတွေ့ပြောဆိုကြမည့် ယူဆချက်များ၊ စံတန်ဖိုးများနှင့် ယုံကြည်ချက်များက ဘာတွေလဲ။
- သုတေသနအဖွဲ့၏အပြုအမူများကို မည်သို့ရှုမြင်ကြသနည်း – ဥပမာ ၎င်းတို့နေထိုင်သည့်နေရာ၊ မည်သို့ခရီးသွားကြသလဲ၊ ဒေသခံလူထုများနှင့်မည်သို့ ပြောဆိုဆက်ဆံကြသလဲ။

› သုတေသနနည်းလမ်း

- ထိရှလွယ်သည့်ကိစ္စရပ်/ပြဿနာရပ်များအကြောင်းကို မည်သည့် အခင်းအကျင်းတွင် သင မည်သူတို့နှင့် ဆွေးနွေးနိုင်ပါသလဲ။ တင်းမာမှုကို ပိုဆိုးသွားစေနိုင်သလား သို့မဟုတ် စိတ်ဒဏ် ရာများကို ပြန်တူးဆွမိနိုင်သလား။ လုံခြုံသည့်ရပ်ဝန်းတစ်ခု သင ဖန်တီးပေးနိုင်ပါသလား။
- သုတေသန၏မည်သည့်ရှုထောင့်များအား အန္တရာယ်မဖြစ်ပေါ်စေဘဲ လိုက်လျောညီထွေရှိအောင် သင်ပြုလုပ်နိုင်ပါသလဲ။ လိုက်လျောညီထွေရှိအောင်ပြုခြင်းနှင့် (ကိုယ်တိုင်) ရပ်တန့်လိုက်ခြင်း အကြား ကွာခြားချက်ကဘာပါလဲ၊ ဒါကိုဘယ်လိုအသိပေးမျှဝေမှာပါလဲ။
- သုတေသနတွင်ပါဝင်သူများ/ သုတေသနနှင့်ပတ်သက်၍ သင်ထိတွေ့ဆက်ဆံရသူရပ်ရွာလူထု များ၏ မျှော်လင့်ချက်များက ဘာပါလဲ။
- ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုနှင့်အချက်အလက်လုံခြုံမှုဆိုင်ရာ လုံလောက်သည့် နည်းလမ်းများက ဘာတွေလဲ(သုတေသနပြုသူများ၊သုတေသနတွင်ပါဝင်သူများ၊ဒေသခံရပ်ရွာလူထုများ အတွက်)
- အဖွဲ့အစည်းတစ်ခုအနေဖြင့် မည်သည့်လုံခြုံရေးဆိုင်ရာနည်းစနစ်များ (Security protocols) များထားရှိပါသလဲ။
- ကောက်ယူထားသည့်အချက်အလက်များ မရောက်သင့်သူထံသို့ရောက်ရှိသွားလျှင် သုတေသန တွင် ပါဝင်သူများအပေါ်မည်သို့အန္တရာယ်ကျရောက်နိုင်ခြေရှိသလဲ။
- ထိုသို့ဖြစ်ပါက သင့်သုတေသနရလဒ်များကိုတင်ပြခြင်း/အသိပေးမျှဝေခြင်းအပေါ် မည်သို့ သက် ရောက်သွားနိုင်ပါသလဲ။

---

› အဆိုပါမေးခွန်းများအား ပြန်လည်သုံးသပ်ခြင်းနှင့်ဆွေးနွေးခြင်းမှတစ်ဆင့် သင်တန်းသူ/သားများသည် အောက်ပါတို့ကို သိရှိပြီးစာရင်းပြုလာနိုင်မည် –

- သက်ဆိုင်ရာသုတေသနစီမံချက်ထံ အခင်းအကျင်းမှထွက်ပေါ်လာသည့်အဓိကအန္တရာယ်/ ဆုံးရှုံးနိုင် ခြေများ
- သုတေသနစီမံချက်နှင့်ပတ်သက်၍ အဓိက context sensitivity ဆိုင်ရာစိုးရိမ်မှုများ (အန္တရာယ်ပြုမိ နိုင်ခြေများ)
- သုတေသနစီမံချက်ကပေးအပ်နိုင်ခြေရှိသည့် Context sensitivity ဆိုင်ရာအဓိကအခွင့်အလမ်းများ (သဘောထားမတိုက်ဆိုင်မှုကိုလျှော့ချရန် နှင့်/ သို့မဟုတ် ငြိမ်းချမ်းရေး/လူမှုဆိုင်ရာသင့်မြင်ခြင်းကို အား ကောင်းစေသည့် အခွင့်အလမ်းများ

› သင်တန်းသူ/သားများသည် ၎င်းတို့စာရင်းပြုစုထားသည်များအားပြန်လည်လေ့လာသုံးသပ်ပြီး အောက်ပါ တို့ကိုအောင်မြင်စွာပြုလုပ်နိုင်ရန်အတွက် သုတေသနဒီဇိုင်းနှင့်လုပ်ငန်းစဉ်ကို လိုအပ်သည့် ပြုပြင်ပြောင်း လဲမှုများပြုလုပ်ရန်ဆွေးနွေးသည် –

- သုတေသနစီမံချက်အတွက် အခင်းအကျင်းအလိုက် အန္တရာယ်ဖြစ်နိုင်ခြေများ/ဆုံးရှုံးနိုင်သည်များကို စီမံ ခန့်ခွဲရန်
- (မိမိကြောင့်) အန္တရာယ်ဖြစ်ပေါ်နိုင်ခြေများလျော့ပါးစေရန်
- သုတေသနစီမံချက်မှတစ်ဆင့် အခင်းအကျင်းအပေါ်ကောင်းကျိုးသက်ရောက်မှုဖြစ်ပေါ်စေရေး အတွက် အခွင့်အလမ်းများကိုထိထိရောက်ရောက် အသုံးပြုရန်

---

(ဆက်ရန်)

## သင်တန်းခန်းမ လေ့ကျင့်ခန်း ၃ (တွဲဆက်)

အကြံပြုချက်များ-

› ဤလေ့ကျင့်ခန်းသည် အထက်တွင်အဖွဲ့လိုက်ပြုလုပ်ခဲ့သည့် context analysis လေ့ကျင့်ခန်း၏ နောက်ဆက်တွဲဆောင်ရွက်မှုလည်းဖြစ်နိုင်သည်။ သို့ဖြစ်ပါက Breakout groups များသည် context analysis လေ့ကျင့်ခန်းတွင်ဖော်ထုတ်သတ်မှတ်ခဲ့သည့် cases များဖြင့်ဆက်လက် ဆွေးနွေးမှု ပြု နိုင်သည်။ သို့မဟုတ်ဘဲ ဤလေ့ကျင့်ခန်းသည် အခြားလေ့ကျင့်ခန်းတစ်ခုဖြစ်ပါက အခင်းအကျင်း၏ အဓိကအချက်များနှင့် သက်ဆိုင်ပါဝင်သူများအကြောင်းသိနားလည်မှုတစ်ခု တည်ဆောက်ရန်လိုအပ် သည်။ Breakout group တိုင်းတွင် သက်ဆိုင်ရာ အခင်းအကျင်းအလိုက် ရင်းမြစ်ပုဂ္ဂိုလ်များ (resource persons)ထားရှိရန် – သုတေသနစီမံချက်တည်ရှိရာဒေသ၏ အခင်းအကျင်းရှိ ကိစ္စရပ်များ /ပြဿနာရပ်များအကြောင်းနှင့် အခင်းအကျင်း၏ပြောင်းလဲနေမှုများအကြောင်း သတင်းအချက် အလက်ပေးသူအဖြစ် ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ အခင်းအကျင်းနှင့်သုတေသနစီမံချက်များ အကြား အပြန်အလှန်သက်ရောက်မှုကို အဖွဲ့လိုက်မဆွေးနွေးမီ context analysis အရင်ပြုလုပ်ရန် အတွက် အချိန်ပိုလိုအပ်မည် ဖြစ်သည်။

› အကယ်၍အဖွဲ့လိုက်ဆွေးနွေးမှုရလဒ်များအား မျက်နှာစုံညီခန်းမတွင်အဖွဲ့လိုက်ပြန်လည်တင်ပြရ မည်ဆိုပါက (မေးခွန်းမေးခြင်းနှင့်ဖြေကြားခြင်းအပါအဝင်) တစ်ဖွဲ့လျှင် ၂၀ မိနစ်သာခွင့်ပြုသင့်ပါ သည်။ သင်တန်းသူ/သားများအား အလွန်အကျူး ဆက်တိုက်အာရုံစိုက်ပါဝင်စေမှု မဖြစ်ရန်အတွက် ဖြစ်နိုင်မည်ဆိုပါက အဖွဲ့လိုက်ပြန်လည်တင်ပြမှု ၂ ခုအပြီးတွင် လက်ဖက်ရည်/ကော်ဖီသောက်နား သင့်ပါသည်။ "ဈေးခင်းပြသခြင်း– marketplace" ကဲ့သို့သော နည်းလမ်းများသည် Breakout group ကြီးတစ်ခု သို့မဟုတ် များစွာသော Breakout groups များဖြင့် ပြန်လည် သုံးသပ်တင်ပြမှုပြု ရာတွင် ပို၍ တက်တက်ကြွကြွပါဝင်မှုကို ဖြစ်ပေါ်စေသည်။

› ဤလေ့ကျင့်ခန်းကို ပို၍မှတ်မိနိုင်စေရန်အတွက် အစိတ်အပိုင်းငယ်များအဖြစ်လည်း ခွဲ၍ပြုလုပ် နိုင်သည်။ ဥပမာ – သုတေသနဒီဇိုင်း၊ နည်းလမ်း၊ context တွင်ရပ်တည်နေမှုအနေအထားဆိုင်ရာ အဆင့်များပေါ်တွင် အာရုံစိုက်ခြင်း။ သို့သော်ဤသို့ပြုလုပ်နိုင်ရန်မှာ အဖွဲ့များ၏ ရနိုင်သည့်အချိန်၊ အုပ်စုအရွယ်အစား ၊ အသိပညာ/ဗဟုသုတနှင့်စွမ်းဆောင်ရည်များပေါ် မူတည်နေပါသည်။

## ၄.၅။ လက်တွေ့အသုံးချခြင်း – အခင်းအကျင်း အပေါ်အကဲဆတ်သည့်သုတေသနအင်တာဗျူး အတွက်စာရင်း

### အင်တာဗျူးပြင်ဆင်ခြင်း[၄]:

**အခင်းအကျင်းကိုသိနားလည်ခြင်း –**

› အခင်းအကျင်းကိုအဆုံးအဖြတ်ပေးသည့် အဓိကမောင်းနှင်သူများ (key drivers)၊ အခင်းအကျင်း နှင့်ဆက်စပ်သည့် အဓိကသက်ဆိုင်ပါဝင်သူများ (associated key actors) နှင့် ၎င်းတို့၏စိတ်ဝင်စားမှု များ/ အကျိုးစီးပွားများအကြောင်း နားလည်ပါသလား။

› (သက်ဆိုင်ရာမိတ်ဖက်အဖွဲ့များအပါအဝင်) သုတေသနအဖွဲ့သည် context analysis တွင်ပါဝင်ပါသလား။

› သုတေသနဆောင်ရွက်ချက်များမပြုလုပ်မီ၊ ပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးသည့်အခါတွင် အခင်းအကျင်းကို လေ့လာစောင့်ကြည့်ရန်အတွက် လုပ်ငန်းစဉ်များသတ်မှတ်ထားပါပြီလား။

› သုတေသနဆောင်ရွက်ချက်များဆိုင်ရာသက်ရောက်မှုများကို နားလည်ပါသလား၊ context sensitivity ဆိုင်ရာစိုးရိမ်မှုများ (အန္တရာယ်ဖြစ်ပေါ်စေနိုင်မှုများ ) နှင့် context sensitivity ဆိုင်ရာအခွင့်အလမ်းများ (အခင်းအကျင်းအပေါ်အပြုသဘောဆောင်သည့်သက်ရောက်နိုင်ခြေများ) ကိုဖော်ထုတ်သတ်မှတ်ပြီးပါပြီ လား။

› ဤသို့နားလည်လာမှုများသည် အခင်းအကျင်းအပေါ်အကဲဆတ်စွာဖြင့် အင်တာဗျူးကိုပြင်ဆင်ရန် အကူ အညီပေးပါသလား။ အောက်ပါတို့အပါအဝင်ဖြစ်သည် –

- အင်တာဗျူးအစီအစဉ်/နေရာနှင့် အချိန်
- အင်တာဗျူးဖြေကြားသူများအားရွေးချယ်ရေး(လုပ်ငန်းစဉ် )
- အင်တာဗျူးဖြေကြားသူများအား သုတေသနအကြောင်း မည်သို့ရှင်းလင်းရိုးရှင်းစွာဖြင့် မိတ်ဆက် ရှင်းပြပါသလဲ – ဥပမာ – သုတေသန၏စိတ်ဝင်စားမှုက ဘာပါလဲ၊ အင်တာဗျူးကရလာတဲ့ သတင်း အချက်အလက်များကို မည်သို့အသုံးပြုမှာပါလဲ၊ လျှို့ဝှက်ချက်များမပေါက်ကြားရအောင် ဘယ်လို လုပ်ဆောင်ထားပါသလဲ၊ အင်တာဗျူးဖြေကြားသူ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာကြိုတင်စိုးရိမ်ပူပန်မှု များကို မည်သို့ဖြေရှင်းမှာပါလဲ၊ အင်တာဗျူးဖြေကြားရန်ဆန္ဒရှိမှသာ ဖြေကြားနိုင်ပါကြောင်း အသိ ပေးခြင်း၊ သုတေသနရလဒ်များပြည့်စုံပြီဆိုပါက သုတေသနတွင်ပါဝင်ခဲ့သူများထံမည်သို့ အသိပေး ပြောကြားမှာပါလဲ ၊ သုတေသနတွင်ပါဝင်သူများ၏မျှော်လင့်ချက်များအား စီမံခန့်ခွဲခြင်း။
- အထက်ပါတို့အားဆုံးဖြတ်ရာတွင် အင်တာဗျူးမေးခွန်းများအား အကောင်းဆုံးပုံဖော်တည်ဆောက် နိုင်ရေးနှင့် အင်တာဗျူးတွင် အသုံးပြုမည့်ဘာသာစကားကိုလည်း အကောင်းဆုံးဖြစ်အောင် ထည့်သွင်း စဉ်းစား၍ ဆုံးဖြတ်ခြင်းဖြစ်ပါသလား။

### အင်တာဗျူးပြုလုပ်နေစဉ် –

› အချိန်၊ နေရာနှင့် ရာသီဥတု/ပတ်ဝန်းကျင်သည် အင်တာဗျူးဖြေကြားသူများအတွက်ဘေးကင်းလုံခြုံမှုနှင့် သက်တောင့်သက်သာဖြစ်ပါသလား။

› သုတေသနအဖွဲ့၊ သုတေသနလုပ်ငန်းစဉ်နှင့်ရည်ရွယ်ချက်တို့ကို အင်တာဗျူးဖြေကြားသူများ နားလည်နိုင် မည့်ပုံစံဖြင့်မိတ်ဆက်ရှင်းပြပါသလား။ အင်တာဗျူးဖြေကြားသူများအား နားလည်သဘောပေါက်ခြင်းရှိ/ မရှိ မေးမြန်း၍အတည်ပြုပါသလား။


[၄] အခြားသီးသန့်ဖော်ပြထားမှုမရှိပါလျှင်ဦးတည်အုပ်စုဆွေးနွေးမှုများအတွက်လည်း အလားတူလုပ်ငန်းစဉ်များကို အသုံးပြုသည်။

- အင်တာဗျူးဖြေကြားသူများအနေဖြင့် သုတေသနလုပ်ငန်းစဉ်နှင့်ပတ်သက်၍စိုးရိမ်မှုများအကြောင်း မေးခွန်းမေးခွင့်/ထုတ်ဖော်ပြောကြားခွင့်ရပါသလား (ဥပမာ – ပေးလိုက်သည့်သတင်းအချက်အလက်များ အားမည်သို့အသုံးပြုမည်နည်း)။ ထိုမေးခွန်းများ/စိုးရိမ်ပူပန်မှုများအား သုတေသနအဖွဲ့က စိတ်ကျေနပ် ဖွယ်ဖြစ်အောင် ဖြေကြားနိုင်ပါသလား။
- အင်တာဗျူးဖြေကြားသူများအနေဖြင့် ၎င်းတို့သည် အင်တာဗျူးတွင် လွတ်လပ်စွာပါဝင်ခွင့်ရှိကြောင်း၊ သက်တောင့်သက်သာမဖြစ်လျှင် မေးခွန်းမဖြေကြားခွင့်ရှိကြောင်း သို့မဟုတ် အင်တာဗျူးကိုရပ်တန့်ခွင့် ရှိကြောင်း နားလည်ပါသလား။
- မေးခွန်းမေးသူများသည် ဖြေကြားသူများသက်တောင့်သက်သာရှိစွာ အင်တာဗျူးတွင်ပါဝင်နိုင်ရေးအတွက် အစပိုင်းတွင် အငြင်းပွားဖွယ်မဟုတ်သော သို့မဟုတ် ဘက်မလိုက်သောမေးခွန်းများမေးခြင်းကို အာရုံစိုက်ဆောင်ရွက်ပါသလား။
- အင်တာဗျူးဖြေကြားသူများ၏ ကိုယ်/နှုတ်အမူအရာများက ၎င်းတို့သက်တောင့်သက်သာရှိသည်ဟု ညွှန်ပြနေပါသလား။ ထိရှလွယ်သည့်မေးခွန်းများနှင့်ကိစ္စရပ်များကိုပင်လျှင် လွတ်လပ်စွာ ဖြေကြားခြင်း/ ဆွေးနွေးခြင်းရှိပါသလား။
- အင်တာဗျူးဖြေကြားသူများသည် လူမှုဆိုင်ရာလက်ခံမှုအရာဘက်လိုက်မှု ရှိနေသည်(social desirability bias – ၅.၂ တွင်ကြည့်ပါ) ဟုညွှန်ပြနေသည်များရှိပါသလား။ ဘက်လိုက်မှုရှိနေပါလျှင် တစ်နည်းနည်း ဖြင့်လျှော့ပါးသက်သာအောင် (mitigation measures) မေးခွန်းမေးသူများကတုံ့ပြန်ပါသလား (၅.၃ တွင် ကြည့်ပါ)။
- မေးခွန်းမေးသူသည် အင်တာဗျူးအဆုံးသတ်ရာတွင် ဖြေကြားသူများအား မေးခွန်းမေးလိုပါကမေးခွင့် ပေးပါသလား။ မေးခွန်မေးသူများက ရှေ့ဆက်ပြုလုပ်မည့်အရာများနှင့် သတင်းအချက်အလက်များကို သုတေသနလုပ်ငန်းစဉ်တွင်မည်သို့အသုံးပြုမည်ဟု (နောက်တစ်ကြိမ်) ရှင်းပြပါသလား။

## အင်တာဗျူးပြီးနောက် –

- အချက်အလက်များကိုမှတ်တမ်းတင်ရာတွင် သုတေသနတွင်ပါဝင်သူများ၏ လုံခြုံရေးကိုကာကွယ်ပေးပြီး အကယ်၍ မှတ်တမ်းများကိုမကြည့်သင့်သူများက ကြည့်ရှုနိုင်ခဲ့သည့်တိုင် သုတေသနတွင်ပါဝင်သူများ အပေါ်အန္တရာယ်ကျရောက်နိုင်ခြေများကိုလျှော့ချပေးသည့်နည်းလမ်းဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်ပါ သလား။
- အချက်အလက်များကို လုံခြုံစိတ်ချရသည့်နည်းလမ်းဖြင့် သိမ်းဆည်းထားပါသလား။ ကောက်ယူထား သည့်အချက်အလက်များကို အတည်ပြုရန် လုပ်ငန်းစဉ်များရှိပါသလား။ သုတေသနတွေ့ရှိချက်များအား အတည်ပြုရာတွင် သုတေသနတွင်ပါဝင်ခဲ့သူများလည်း ပါဝင်ပါသလား။
- သုတေသနရလဒ် နှင့်/သို့မဟုတ် သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်၍ သုတေသနတွင်ပါဝင်သူများ အား (အနည်းဆုံးအားဖြင့် သုတေသနလုပ်ငန်းစဉ်အကြောင်း) အသိပေးရန်လုပ်ငန်းစဉ်များ ရှိပါသလား – ဥပမာ – အင်တာဗျူးပြီးနောက် ဘာတွေဆက်ဖြစ်ပါသလဲ နှင့်/သို့မဟုတ် သုတေသနတွေ့ရှိချက်များအား အသိပေးပြောကြားခြင်း။

### ပုံ ၁ – အင်တာဗျူးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများအတွက်သင့်လျော်မည့်နည်းလမ်းများအကြောင်းအလုပ်ရုံဆွေးနွေးခြင်း



# ၅ အချက်အလက်ယုံကြည်စိတ်ချရမှု

## ၅.၁။သင့်အချက်အလက်များသည် မည်မျှယုံကြည်စိတ်ချရပြီး မတူညီသည့်သက်ဆိုင်ပါဝင်သူများက သုတေသီများအပေါ် မည်သို့ရှုမြင်ကြပါသလဲ။

သင်ကောက်ယူလိုက်သည့်အချက်အလက်များအပေါ် ယုံကြည်စိတ်ချနိုင်ရန် အရေးကြီးသည်။ သုတေသန ရလဒ်များသည် အချက်အလက်များအပေါ်အခြေပြုရခြင်းကြောင့် အချက်အလက်ခိုင်မာမှသာ ရလဒ်လည်း ခိုင်မာလိမ့်မည်ဖြစ်သည် ။ သုတေသီများအနေဖြင့် ယုံကြည်စိတ်ချနိုင်သည့်အချက်အလက်မဟုတ်သည့် အခြေ အနေများရင်ဆိုင်ရနိုင်ကြောင်း သတိမူရပါမည်။

အချက်အလက်ဆိုင်ရာဘက်လိုက်မှု(data bias)ဆိုသည်မှာ အချက်အလက်များသည် သုတေသနက နားလည်ရန်ကြိုးစားနေသည့် ဖြစ်ရပ်များ (သို့မဟုတ် လူများ)ကို ကိုယ်စားမပြုသည့်အခြေအနေကို ရည်ညွှန်း သည်။ ရရှိထားသော အချက်အလက်ရင်းမြစ် (အချို့)တွင်ပါဝင်သည့်အချက်များသည် “မတိကျမမှန်ကန်မှု ကြောင့်” သုတေသနနှင့်မသက်ဆိုင်သည့်ရလဒ်များဖြစ်ပေါ်စေသည်။ ဤသို့ဘက်လိုက်မှုသည် မရည်ရွယ်ဘဲ ဖြစ်ပေါ်နိုင်သကဲ့သို့ တမင်တကာရည်ရွယ်ခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းသည် သင်သုတေသနပြုရာတွင် သတိ မူရမည့်အရာတစ်ခုဖြစ်ပါသည်။ Context sensitivity ရှုထောင့်အရ အချက်အလက်ဘက်လိုက်မှုကို မတွေ့ရှိ နိုင်ခြင်းသည် မှားယွင်းသောသုတေသနတွေ့ရှိချက်များ ဖြစ်သွားစေနိုင်ပါသည်။

အင်တာဗျူး သို့မဟုတ် ဦးတည်အုပ်စုဆွေးနွေးမှုများ(FGDs)ထံမှ တုံ့ပြန်မှုများတွင် ဘက်လိုက်မှုရှိ/မရှိလေ့လာ ဆန်းစစ်ရန်အတွက် သုတေသီတစ်ဦးအဖြစ် သင့်အပေါ် မည်သို့ရှုမြင်ထားကြသနည်းဟု နားလည်ရန်အရေး ကြီးပါသည်။ ရိုးရှင်းစွာမေးရမည်ဆိုပါလျှင် – ကွဲပြားမှုများနှင့်ပြဿနာများရှိနေသည့်နယ်မြေဒေသများတွင် သုတေသနပြုသူများအပေါ် မတူညီသည့်အဖွဲ့အစည်းများနှင့်သက်ဆိုင်ပါဝင်သူများက မည်သို့ရှုမြင်ကြသ နည်း။ ထိုသို့ရှုမြင်ယူဆမှုသည် data တွင်တင်ပြထားသည့် အယူအဆများ၊ ဘက်လိုက်နိုင်ခြေများနှင့် ဆက်စပ် မှုရှိပါသလား။

## ၅.၂။ လူမှုဆိုင်ရာလက်ခံမှုအရဘက်လိုက်မှု

လူမှုဆိုင်ရာလက်ခံမှုအရဘက်လိုက်မှုသည် သုတေသနတွင်ပါဝင်သူများ၏တုံ့ပြန်မှုတွင်ပါဝင်သည့် အထူး ဘက်လိုက်မှုတစ်မျိုးဖြစ်ပြီး (response bias) သုတေသနလုပ်ငန်းစဉ်တွင်ရရှိသည့်သတင်းအချက်အလက် များ၏ ခိုင်မာမှုနှင့်တိကျမှုကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။

လူမှုဆိုင်ရာလက်ခံမှုအရဘက်လိုက်မှုဆိုသည်မှာ ဖြေကြားသူများက မေးခွန်းဖြေကြားရာ၌ ၎င်းတို့၏ စစ်မှန် သည့်ခံစားချက်ဖြင့်ဖြေကြားခြင်းမဟုတ်ဘဲ လူမှုရေးအရလက်ခံနိုင်ဖွယ်ရှိသည်ဟု၎င်းတို့ယုံကြည်သည့် အဖြေ များကိုသာပေးခြင်းဖြစ်သည် – ဥပမာ ဖြေကြားရမည့်ကိစ္စရပ်သည် အလွန်ထိရှလွယ်သောကိစ္စရပ်ဖြစ်သည်ဟု ၎င်းတို့ယူဆခြင်းကြောင့်။

အင်တာဗျူးများ သို့မဟုတ် ဦးတည်အုပ်စုဆွေးနွေးမှုများ(FGDs)၏ အခင်းအကျင်းတွင် ဖြစ်ပေါ်နိုင်ခြေရှိသည့် လူမှုဆိုင်ရာလက်ခံမှုအရဘက်လိုက်မှု (social desir-ability bias) ဥပမာများသည် အောက်ပါတို့ဖြစ်နိုင်ပါ သည် –

- ပြဿနာများ သို့မဟုတ် စိန်ခေါ်မှုများအား လက်မခံငြင်းဆန်ခြင်း
- ကိစ္စရပ် သို့မဟုတ် အကြောင်းအရာတစ်ခု သို့မဟုတ် အဖွဲ့အစည်းအပေါ် အလွန်အမင်းချီးကျူးခြင်း
- တစ်စိတ်တစ်ပိုင်း သို့မဟုတ် မရေရာသည့်အဖြေများ
- ကိုယ်/နှုတ်အမူအရာ

## ၅.၃။ လူမှုဆိုင်ရာလက်ခံမှုအရဘက်လိုက်မှုကို လျော့ပါးစေခြင်း

- မှားသည်/မှန်သည်မဝေဖန်ဘဲ သတင်းအချက်အလက်များပေးပါ(သုတေသနကို မိတ်ဆက်ခြင်း၊ မေးခွန်း များတည်ဆောက်မှု….)
- သွယ်ဝိုက်မေးမြန်းခြင်း – “ (အရင်တုန်းက) xyz က အဲဒါကိုဘယ်လိုကိုင်တွယ်ခဲ့လဲ၊ ဘယ်လိုပြုမူဆောင် ရွက်ခဲ့လဲ”
- အာခံချက်ပေးပါ – လျှို့ဝှက်ချက်မပေါက်ကြားရေးနှင့် အမည်မဖော်ခြင်းနည်းစနစ်များ၊ မည်သည့် ထင်မြင်ယူဆချက်မဆို မှားသည်ဟူ၍မရှိကြောင်းထပ်လောင်းပြောကြားခြင်း
- သတင်းအချက်အလက်များပိုမိုရရှိနိုင်အောင်ကြိုးပမ်းခြင်း – follow up မေးခွန်းများမေးမြန်းပါ
- ဖြေကြားချက်များပိုမိုရုပ်လုံးပေါ်လာစေရန်အတွက် ဖြစ်ရပ်များ သို့မဟုတ် ဥပမာများပေးရန် ဖြေကြား ပေးသူများအားတောင်းဆိုပါ
- လူတိုင်း/ရပ်ရွာလူထုတိုင်းတွင် စိန်ခေါ်မှုအခက်အခဲများရှိပြီး လူတို့တွင်မတူကွဲပြားသည့်အတွေ့အကြုံ များရှိသည်ဟု အသိအမှတ်ပြုပါ

## ၅.၄။ အရည်အသွေးဆိုင်ရာအချက်အလက်များကို လေ့လာသုံးသပ်ရာတွင် ဘက်လိုက်မှုများကို လျှော့ချရန် နည်းလမ်းများ

- အချက်အလက်များကို code ဖြင့်ထားရန် လူအင်အားများစွာအသုံးပြုပါ
- သင့်ရလဒ်များအား သုတေသနပါဝင်သူများကို လေ့လာသုံးသပ်ခွင့်ပေးပါ
- Data ရင်းမြစ်များစွာဖြင့် လေ့လာစိစစ်ပါ၊ Data များပိုမိုခိုင်မာစိတ်ချမှုရှိရန် နည်းလမ်းပေါင်းများစွာဖြင့် လေ့လာစိစစ်ခြင်း (Triangulation)
- အခြားရှင်းလင်းတင်ပြချက်များရှိနိုင်/မရှိနိုင် စစ်ဆေးပါ
- တွေ့ရှိချက်များအား သုတေသနတွင်ပါဝင်သူများ (peer)နှင့်ပြန်လည်သုံးသပ်ပါ

# ၆ အဖွဲ့အစည်း၏ဖွဲ့စည်းတည်ဆောက်မှုများ - ကတိကဝတ်မှ သည် လက်တွေ့ကျင့်သုံးခြင်းဆီသို့

အလုပ်ဖိအားများနှင့်နောက်ဆုံးသတ်မှတ်ရက်များသည် အလုပ်နှင့်ပတ်သက်၍ရှေ့ဆက်ဆောင်ရွက်ရန် မက်လုံးများဖြစ်နေတတ်ပြီး ထိရှလွယ်ဒေသများတွင် ထိလွယ်ရှလွယ်သည့်အကြောင်းအရာများအပေါ် သုတေသနပြုခြင်းကို အမြန်အပြီးသတ်လိုခြင်းလည်းအပါအဝင်ဖြစ်သည်။ အဆိုပါသုတေသနကို သတိကြီးစွာ ဖြင့် တဖြည်းဖြည်းချဉ်းကပ်သင့်ပြီး အထက်တွင်ဖော်ပြခဲ့သည့်အချက်များကို နည်းစနစ်ကျစွာဆောင်ရွက် ရမည်ဖြစ်သည်။ အလောတကြီးဆောင်ရွက်လိုမှုများအား (အလုပ်ဖိအားနှင့် နောက်ဆုံးသတ်မှတ်ရက်များ ကြောင့်) တောင့်ခံထားနိုင်ရန်လိုအပ်သည်။ ထို့အတွက်အဓိကသော့ချက်မှာ သင့်အဖွဲ့အစည်းအတွင်း context sensitive research ဆိုင်ရာ ကတိကဝတ်များအား မည်သို့လက်တွေ့ကျင့်သုံးနေသနည်း၊ စနစ်တကျ လက်တွေ့ကျင့်သုံးလာမှုကိုမည်သို့ဖြစ်ပေါ်စေမည်နည်း ဟူ၍ဖြစ်ပါသည်။

### သင်တန်းခန်းမ လေ့ကျင့်ခန်း ၄ – အဖွဲ့အစည်းဆိုင်ရာ ကိုယ်တိုင်လေ့လာဆန်းစစ်မှု (INSTITUTIONAL SELF–ASSESSMENT)

**ရည်ရွယ်ချက်–** သင်တန်းသူ/သားများသည် context sensitivity ရှုထောင့်မှ ၎င်းတို့အဖွဲ့အစည်း၏ဖွဲ့စည်း တည်ဆောက်မှုလုပ်ငန်းစဉ်များကို လေ့လာ သုံးသပ်သည်

**လိုအပ်သည့်ပစ္စည်းများ–** မရှိ

ဆန္ဒရှိပါက – ရေးသားရန်ပစ္စည်းများ (ဗလာစာအုပ်များ၊ ဘောပင်များ၊ ကတ်များ၊မာကာများ)

**လိုအပ်သည့်အချိန်–** ၄၅ – ၆၀ မိနစ်

› သင်တန်းသူ/သားများသည် context sensitivity သဘောတရားနှင့်ချဉ်းကပ်မှုများအား ၎င်းတို့သက် ဆိုင်ရာအဖွဲ့အစည်းတွင် မည်သို့ရေရှည်တည်တံ့စွာ ထည့်သွင်းပေါင်းစည်းနိုင်မည်နည်းဟူ၍ ပြန်လည် သုံးသပ်သည်။ ထို့သို့ပြုလုပ်ရန် ပံ့ပိုးကူညီသူက သင်တန်းသူ/သားများအား အဖွဲ့လေးများဖွဲ့ပေးပြီး အောက် ဖော်ပြပါမေးခွန်းများအားပြန်လည်သုံးသပ်ဆွေးနွေးရန်ပြောပါ –

- အဖွဲ့အစည်း၏ဖွဲ့စည်းတည်ဆောက်ပုံများနှင့်လုပ်ငန်းစဉ်များက သင့်(သုတေသန)အလုပ်တွင် context sensitivity ရှုထောင့်များထည့်သွင်းပေါင်းစည်းနိုင်ရန် မည်သို့အထောက်အကူပြုနေသနည်း သို့မဟုတ် မည်သို့စိန်ခေါ်မှု/အခက်အခဲများဖြစ်ပေါ်စေသနည်း။
- အကယ်၍အဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှုများပြုလုပ်မည်ဆိုပါက မည်သည့်ပြောင်းလဲမှုကို context sensitive နည်းလမ်းဖြင့် မဖြစ်မနေဖော်ဆောင်ရန် လိုအပ်ပါသနည်း။

› သင်တန်းသူ/သားများအားစဉ်းစားနိုင်ရန်ပြောပါ – ဥပမာ

- (ခေါင်းဆောင်မှုနှင့်ဆုံးဖြတ်ချက်ချမှတ်တို့အပါအဝင်)အဖွဲ့အစည်းဆိုင်ရာတည်ဆောက်မှုများ
- ရန်ပုံငွေရရှိမှု/စီးဆင်းမှုနှင့် အလှူရှင်များ/ရန်ပုံငွေပေးအပ်သူများအား စီမံခန့်ခွဲခြင်း
- စွမ်းဆောင်ရည်များနှင့်ရင်းမြစ်များ – မိတ်ဖက်ဆောင်ရွက်မှုနည်းစနစ်အပါအဝင်

› ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်နှင့် အဖွဲ့အစည်း၏ဖွဲ့စည်းတည်ဆောက်မှုတွင် context sensitivity အားကောင်းလာရေးအတွက် လိုအပ်မည့်ပြောင်းလဲမှုများကိုဖော်ထုတ်ရာတွင် သင်တန်းသူ/သားများ အချင်းချင်း ပံ့ပိုးကူညီ၍လမ်းညွှန်မှု (peer coach) ပြုကြသည်။

› ထို့နောက် အဖွဲ့အတွင်းဆွေးနွေးမှု၏အဓိကအချက်များနှင့်လေ့လာခဲ့သည်များကို မျက်နှာစုံညီခန်းမ တွင် ပြန်လည်တင်ပြကြသည်။ ဤသို့ပြန်လည်တင်ပြရာတွင် မိမိတို့စူးစမ်းလေ့လာခဲ့သည်များအား သက်ဆိုင်ရာအဖွဲ့အစည်းခေါင်းဆောင်များထံသို့ မည်သို့ အခြေအနေကိုသိနားလည်စွာ (sensitive-ly) ပြန်လည်တင်ပြနိုင်မည်နည်းဟူသည့်အချက်လည်း ပါဝင်သင့်ပါသည်။ ဝေဖန်ထောက်ပြသည့် မည်သည့်အချက်များကိုမဆို အပြုသဘောဆောင်စွာ ကိုင်တွယ်သင့်ပါသည် – ဥပမာ ဖော်ထုတ်လိုက် သည့်စိန်ခေါ်မှု/အခက်အခဲများအား မည်သို့လက်တွေ့ကျကျဖြေရှင်းနိုင်မည်ဟူသော အကြံပြုချက် များ အပါအဝင်ဖြစ်သည်

**အကြံပြုချက်များ–**

› အဖွဲ့လိုက်ဆွေးနွေးမှုနှင့်မေးခွန်းမေးမြန်းမှုပုံစံများကို ပံ့ပိုးကူညီသူများက မည်သည့်အဆင်ပြေသင့်လျော်သည့်နည်းလမ်းဖြင့်မဆို ဆောင်ရွက်နိုင်သည်။ အဓိကထောက်ပြလိုသည့်အချက်မှာ သုတေသနဒီဇိုင်းကို context sensitive ဖြစ်စွာတည်ဆောက်ထားရုံမျှဖြင့် မလုံလောက်ပါ။ အဖွဲ့ အစည်းဆိုင်ရာ ရှုထောင့်များလည်းအရေးပါပြီး အကယ်၍ထိုရှုထောင့်များကိုကောင်းစွာ ကိုင်တွယ် ဖြေရှင်းမှုမပြုနိုင်လျှင် စီမံချက်ကို အခင်းအကျင်းအပေါ်အကဲဆတ်စွာ (sensitively)အကောင် အထည်ဖော်ရန် ခက်ခဲနိုင်သည်။ ဥပမာ – အခင်းအကျင်း နှင့် မရည်ရွယ်ဘဲဖြစ်ပေါ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား လေ့လာစောင့်ကြည့်ရန်အတွက် လူမရှိခြင်း၊ အခင်းအကျင်းဆိုင်ရာ ပြောင်းလဲမှုများကိုအဖွဲ့အစည်းကတုံ့ပြန်နိုင်မည့် လိုအပ်သည့်သတင်းအချက်အလက်များအား လုံလောက်စွာ မျှဝေပေးမှုမရှိခြင်း၊ လုံခြုံရေးဆိုင်ရာနည်းစနစ်များမရှိခြင်း သို့မဟုတ် နည်းပညာ ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် မရှိခြင်း။

› သင်တန်းသူ/သားများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကြောင့် ၎င်းတို့ထိန်းချုပ် ၍မရနိုင်သည့် အဖွဲ့အစည်းဆိုင်ရာစိန်ခေါ်မှုများ/အခက်အခဲများ (institutional challenges) ကို ဖော်ထုတ်ရသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သည်။ သို့သော်လည်း ပံ့ပိုးကူညီသူများက ဆွေးနွေးမှုတစ်ခုကို ထိန်းကျောင်းပေးပြီး သင်တန်းသူ/သားများအချင်းချင်း ပံ့ပိုးလမ်းညွှန်မှုများမှ တစ်ဆင့် လက်ရှိအဖွဲ့အစည်းဆိုင်ရာမူဘောင်၏ပေးထားချက်အတွင်း con-text sensitive ဖြစ်စွာ လုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ မည်သည့် ရွေးချယ်စရာများရှိနေသနည်း ဟု ဖော်ထုတ်နိုင်ပါသည်။

# ၇ ဒီဂျစ်တယ်ဆိုင်ရာလုံခြုံမှု

## ၇.၁။ အဓိကစဉ်းစားရန်အချက်များ

မတူကွဲပြားမှုနှင့်ပြဿနာများ၏သက်ရောက်မှုကိုကြုံတွေ့နေရသည့်နယ်မြေဒေသများတွင် လုပ်ငန်းဆောင် ရွက်သူ သုတေသနပြုသူများအတွက်သာမက သုတေသနတွင်ပါဝင်သူမည်သူမဆို၏ ဘေးကင်းလုံခြုံရေး အတွက် ဒီဂျစ်တယ်(အချက်အလက်)ဆိုင်ရာလုံခြုံမှုရှိစေခြင်းသည် အလွန်ပင်အရေးပါသည်။

အဓိကအချက်များတွင်အောက်ပါတို့အပါအဝင်ဖြစ်သည် –

၁။ “ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့် – Privacy” နှင့် “အမည်မဖော်ခြင်း – Anonymity” တို့ အကြားကွာခြား မှုကိုနားလည်ခြင်း
- Privacy – သင်ဘယ်သူလဲဆိုတာလူတွေသိကောင်းသိနိုင်သော်လည်း သင် ဘာလုပ်သလဲဆိုတာ ဘယ်သူမှ မမြင်ခြင်း
- Anonymity – သင်ဘာလုပ်သလဲဆိုတာလူတွေသိကောင်းသိနိုင်သော်လည်း သင် ဘယ်သူလဲဆိုတာ ဘယ်သူမှမသိခြင်း

၂။ အချက်အလက်လုံခြုံရေးဆိုင်ရာအန္တရာယ်များ (Data Security Risk) နှင့် Online တွင်ရရှိနိုင်မှုအပေါ် မူတည်ပြီး သင့်လျော်သည့် အချက်အလက်သိမ်းဆည်းခြင်းပလက်ဖောင်းများ သို့မဟုတ် နည်းလမ်းကို ရွေးချယ်ခြင်း
- Cloud သို့မဟုတ် Local Storage
- အချက်အလက်များကို ကုတ်အသွင်ပြောင်းခြင်း (Data Encryption)
- အချက်အလက်များကိုဖုံးကွယ်ခြင်း (Data Hiding)

၃။ အချက်အလက်လုံခြုံရေးဆိုင်ရာအန္တရာယ်များ(Data Security Risk) အပေါ်မူတည်၍ သင့်လျော်သည့် ဆက်သွယ်ရေးလမ်းကြောင်း(Communication Platform)နည်းလမ်းများကိုရွေးချယ်ခြင်း
- ပို့ဆောင်သူထံမှ message ထွက်သွားသည့်အချိန်မှစ၍ လက်ခံသူထံရောက်ရှိသည့်အထိ ကြား အချိန်ကာလတွင် အချက်အလက်များအား ကုတ်အသွင်ပြောင်းထားမှုကြောင့် ထိုအချက်အလက် များကို ခိုးယူခြင်း/နားထောင်ခြင်းမပြုနိုင်သည့် နည်းလမ်း( End to End encryption) ဖြစ်ပါ သလား
- အချိန်သတ်မှတ်၍အလိုအလျောက် data များပျောက်သွားစေသည့်လုပ်ဆောင်ချက်ရှိပါသလား (self-destruction feature)
- ဖုန်းနံပါတ်ကို မမြင်နိုင်အောင်ဖုံးထားပေးသည့်လုပ်ဆောင်ချက် ပါပါသလား

၄။ ကုတ်ရေးနည်း/ကုတ်ဖြည်နည်း(Cryptography)နှင့် စာသားအသစ်များဖြင့်မူရင်းစာကိုဖုံးပေးခြင်း (Steganography)
- Cryptography – ကုတ်များအသုံးပြု၍ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကိုလုံခြုံစေသည့် နည်းလမ်း၊ ဥပမာ – VeraCrypt
- Steganography – စာသားအသစ်များအတွင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရာဝတ္ထုတစ်ခုအတွင်း သတင်းအချက်အလက်များကိုဖုံးကွယ်ပေးခြင်း

၅။ သတိပြုရန် – အွန်လိုင်းတွင်ကိုယ်ရေးကိုယ်တာအချက်အလက်များကို အယောင်ဆောင်ရယူပြီး ငွေညှစ် ခြင်း/အခြားတောင်းဆိုမှုများပြုခြင်း (social engineering attack) သို့မဟုတ် အွန်လိုင်းတွင်မဟုတ်ဘဲ အပြင်တွင် လူချင်းဆက်သွယ်မှုဖြင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကိုအယောင်ဆောင်ရယူပြီး ငွေညှစ် ခြင်း/အခြားတောင်းဆိုမှုများပြုခြင်းနှင့် ၎င်းတို့ကိုကြိုတင်ကာကွယ်ခြင်း (Human hacking and Prevention)
- HTTP vs HTTPS
- နည်းပညာဆိုင်ရာကျွမ်းကျင်မှုအနည်းငယ်သာလိုအပ်သည့် Email အတုများဖြင့်လိမ်လည်ခြင်း (Phishing Attack ) ကိုအောင်မြင်စွာလုပ်ဆောင်နေမှုများ
- လုံခြုံရေးနှစ်ဆင့်ခံထားခြင်း – SMS, google authenticator

၆။ ဖျက်ပြီးသည့်ဖိုင်များကိုပြန်ဆယ်၍မရနိုင်အောင် File Shredder software ကို အသုံးပြုခြင်း

## ၇.၂။ ဒီဂျစ်တယ်လုံခြုံရေးဆိုင်ရာအရေးပါသည့် ရင်းမြစ်များ

Password အလေ့အကျင့်ကောင်းများ (Password Good habits)
- https://security.type.hk/en/%F0%9F%94%92-practice-good-password-habits/

ဘေးကင်းစွာအင်တာနက် အသုံးပြုခြင်း (Safe Browsing)
- https://www.eff.org/https-everywhere
- https://disconnect.me
- https://security.type.hk/en/ -setup-a-secure-browser/
- https://security.type.hk/en/ -destroy-google-activity-history/

Android and IOS တွင် ဖိုင်များနှင့် app များကိုဖုံးကွယ်ခြင်း
- https://security.type.hk/en/ -hide-your-documents-and-photos/
- https://security.type.hk/en/ -decide-how-to-hide-your-apps/

Data ဖယ်ရှားခြင်း
- https://www.fileshredder.org

လုံခြုံရေးနှစ်ဆင့်ခံခြင်းလမ်းညွှန် (2FA guide)
- https://security.type.hk/en/%F0%9F%94%92-use-multi-factor-authentication/

Data ကုတ်အဖြစ်ပြောင်းခြင်း(Encryption) နှင့် Steganography နည်းလမ်းများ
- https://security.type.hk/en/ - %EF%B8%8F-setup-an-encrypted-vault/
  https://www.veracrypt.fr/code/VeraCrypt/
- https://www.openstego.com/index.html

# ၈ သင်တန်းသူ/သားများအချင်းချင်းအပြန်အလှန်လေ့လာသင်ယူခြင်း

အကယ်၍သင်တန်းသူ/သားများဆန္ဒရှိပါလျှင် – အပြန်အလှန်သင်ယူလေ့လာမှုပြုနိုင်ရန် သင်တန်းအစီအစဉ် တွင် ထို့အတွက်အချိန်ထည့်သွင်းစဉ်းစားရန်အရေးကြီးပါသည်။

၎င်းကိုသင်တန်းပြီးဆုံးခါနီးတွင်ပြုလုပ်ပါကအကောင်းဆုံးဖြစ်သည် – သင်တန်းသူ/သားများတစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးလာပြီး (အနည်းဆုံးအားဖြင့် context sensitive သုတေသနအပေါ် ၎င်းတို့၏တွေးခေါ်ယူဆမှုများ အားပိုမိုသိရှိလာခြင်း) သင်တန်းကာလအတွင်းထွက်ပေါ်လာသည့်အချက်များနှင့်ကိစ္စရပ်များအပေါ် ပြန် လည်လေ့လာ သုံးသပ်နိုင်မည်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် နမူနာ သင်တန်းအစီအစဉ်တွင် Peer-to-peer learning အတွက်အချိန်ကိုသင်တန်းနောက်ဆုံးရက်တွင်ထည့်သွင်းထားသော်လည်း ပံ့ပိုးကူညီသူများ ကအခြေအနေအပေါ်မူတည်၍ မည်သည့်အချိန်တွင်ပြုလုပ်သင့်သည်ဟုဆုံးဖြတ်သင့်ပါသည်။

ဥပမာ – ပံ့ပိုးကူညီသူများအနေဖြင့် သင်တန်းသူ/သားများအား သင်တန်းကာလအတွင်း peer-to-peer learning ပြုလုပ်ရန် သီးသန့်အချိန်သတ်မှတ်လိုပါသလားဟု မေးမြန်းနိုင်ပါသည်။ သင်တန်းသူ/သားများ သုတေသနပြင်ဆင်ပြုလုပ်ရာတွင် မတူညီသည့်အတွေ့အကြုံများသည် အဖိုးမဖြတ်နိုင်သည့်အရာများဖြစ်ပြီး သင်တန်းသူ/သားများ သက်တောင့်သက်သာဖြစ်မည်ဆိုပါက အပြန်အလှန်မျှဝေလေ့လာခြင်းဖြင့်အကျိုး ကျေးဇူးရရှိမည်ဖြစ်ကြောင်း ရှင်းပြသင့်ပါသည်။

ပံ့ပိုးကူညီသူများက ဤအစီအစဉ်ကိုပံ့ပိုးရာတွင် ဤအချိန်သည် သင်တန်းသူ/သားများအနေဖြင့် မိမိတို့ အမြင်များ၊ အတွေ့အကြုံများ၊ အကြံပြုချက်များကိုအချင်းချင်း မျှဝေရန် ရည်ရွယ်စီစဉ်ထားသည့် အချိန်ဖြစ် ကြောင်းရှင်းပြပေးရပါမည်။ သင်တန်းသူ/သားများအား မည်သို့မည်ပုံဆောင်ရွက်ပါဟုလမ်းညွှန်ခြင်း သို့မဟုတ် ဆွေးနွေးမှုကို ဘောင်ခတ်ခြင်းတို့ မပြုရပါ။

သင်တန်းသူ/သားများကိုယ်တိုင် Peer-to-peer ဆွေးနွေးလေ့လာမှုတွင် မည်သည်တို့ကိုဆွေးနွေးမည်ဟူ၍ ဆုံးဖြတ်သင့်ပါသည် – ဘယ်အရာကိုဆွေးနွေးရင်အကျိုးကျေးဇူး အများဆုံးဖြစ်မယ်လို့ထင်ပါသလဲ၊ အခြား သင်တန်းသူ/သားများထံမှ သူတို့ဘာတွေလေ့လာချင်ပါသလဲ။ ဥပမာ – ဝန်ထမ်းဘေးကင်းလုံခြုံရေးအတွက် risk စီမံခန့်ခွဲမှုနှင့် အခြားမည်သည့်အရာများဆောင်ရွက်ခဲ့ပါသလဲ သို့မဟုတ် အခြားကိစ္စရပ်များဖြစ်သည့် သုတေသီများ၊ အင်တာဗျူးများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများကိုမည်သို့ စီစဉ်ဆောင်ရွက်ခဲ့သလဲ။

အကယ်၍သင်တန်းသူ/သားများက အခြားသူများထံမှ သတ်သတ်မှတ်မှတ်လေ့လာလိုသည့်အကြောင်းအရာ များတောင်းဆိုပါလျှင် (ဥပမာ– ခရီးသွားလာခြင်း သို့မဟုတ် risks များစီမံခန့်ခွဲခြင်း သို့မဟုတ် ကွင်းဆင်း လေ့လာဆောင်ရွက်မှုကိုပြင်ဆင်ဆောင်ရွက်ခြင်း) ထိုအကြောင်းအရာနှင့်ပတ်သက်၍ peer-to-peer လေ့လာ မျှဝေမှုပြုလိုသူများအား Breakout group များဖွဲ့ပေးသင့်ပါသည်။

ထို့အတွက် အချိန်သတ်မှတ်မှုကွဲပြားနိုင်သော်လည်း သင်တန်းသူ/သားများကောင်းစွာ မျှဝေလေ့လာနိုင်ရန် အနည်းဆုံးအားဖြင့် အချိန် ၁ နာရီပေးရန်လိုအပ်ပါသည်။

# ၉ သင်တန်း/အလုပ်ရုံဆွေးနွေးပွဲကို မှတ်ချက်ပေးခြင်း

နောင်တွင်ပြုလုပ်မည့်သင်တန်းများပိုမိုကောင်းမွန်လာစေရန်အတွက် သင်ပံ့ပိုးကူညီသည့် မည်သည့်သင်တန်း မျိုးတွင်မဆို မှတ်ချက်များကိုတောင်းခံရန်အရေးကြီးပါသည်။ မည်သည့်မေးခွန်းများဖြင့်မှတ်ချက်ရယူလိုပါ သလဲဟု ပံ့ပိုးကူညီသူကဆုံးဖြတ်နိုင်ပါသည်။ နမူနာမေးခွန်းများတွင်အောက်ပါတို့ ပါဝင်သင့်ပါသည် –

### မှတ်ချက်ပေးနိုင်ရန် နမူနာမေးခွန်းများ –

- သင်တန်းသည် သင်မျှော်လင့်ထားသည့်အတိုင်း ဖြစ်ပါသလား။
- သင်တန်းကာလသည် သင့်လျော်ပါသလား။
- သင်တန်းပို့ချသူများ/ပံ့ပိုးကူညီသူများအပေါ် မည်မျှ စိတ်ကျေနပ်မှုရှိပါသလဲ။
- သင်တန်းတွင်လေ့လာဆွေးနွေးခဲ့သည့်အကြောင်းအရာများသည် သင့်လျော်မှုရှိပါသလား။
- ကျွမ်းကျင်သူထံမှဆွေးနွေးချက်များသည် အသုံးဝင်ပါသလား (*ကျွမ်းကျင်သူက ရှင်းပြခြင်း/ ဖြည့်စွက် ဆွေးနွေးခြင်းပြုခဲ့သည်များ)။
- မည်သည့်အကြံပြုချက်၊ မှတ်ချက်၊ ဝေဖန်ချက်မဆို ရေးသားပေးပါ။

# အသုံးဝင်သည့်ရင်းမြစ်များ

Bentele Ursina (2020): Conflict Sensitive Research လမ်းညွှန်။ Swiss Academies Communications 15 (5), https://scnat.ch/en/uuid/i/aba6e298-4e7a-5c89-a2f2-46cd04264ff1-Guidelines_to_Conflict_Sensitive_Research တွင်ရရှိနိုင်ပါသည်။

Saferworld: ဖွံ့ဖြိုးရေး၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက် ခြင်းတို့ကို Conflict-sensitive approaches ဖြင့်ချဉ်းကပ်မှုများ https://www.saferworld.org.uk/resources/publications/148-conflict- တွင်ရရှိနိုင်ပါသည်။

# နောက်ဆက်တွဲ

## သင်တန်းကာလမတိုင်မီ သင်တန်းသူ/သားများ၏ သီးသန့်လိုအပ်ချက်များကိုလေ့လာဆန်းစစ်ခြင်း

သင်တန်းသူ/သားများ၏ သက်ဆိုင်ရာအခင်းအကျင်းအလိုက် လိုအပ်ချက်နှင့်ကိုက်ညီသည့် context sensitivity သင်တန်းဖြစ်စေရန် သင်တန်းသူ/သားများကို အောက်ဖော်ပြပါမေးခွန်းတိုများအား သင်တန်း ကာလမတိုင်မီ ကြိုတင်၍ဖြေကြားခိုင်းသင့်ပါသည်။

၁။ သင့်အဖွဲ့အစည်းတွင် သုတေသနပြုလုပ်ရန်လမ်းညွှန်ရှိပါသလား။ ( ရှိသည်/မရှိပါ)
ရှိသည်ဆိုပါက ထိုလမ်းညွှန်တွင် သုတေသနပြုလုပ်ရန်ညွှန်ကြားချက် သို့မဟုတ် ထုတ်ပြန်ချက် သို့မဟုတ် standard operating procedures (SOP) ပါဝင်ပါသလား ။ (ပါဝင်သည်/မပါဝင်ပါ)
ပါဝင်သည်ဆိုပါက ထို စာရွက်စာတမ်းများကိုကျွန်ုပ်ထံ copy ပို့ပေးစေလိုပါသည်။

၂။ သင့်အဖွဲ့အစည်းတွင် context sensitive ဖြစ်စွာလုပ်ငန်းဆောင်ရွက်ရန်ထုတ်ပြန်ထားသည့် မူဝါဒဆိုင်ရာ ကြေညာချက် သို့မဟုတ် ကတိကဝတ်ပြုထားသည်များ နှင့် "Do No Harm" နှင့် Risk လျော့ပါးရေးဆိုင်ရာ အခြေခံမှုများကိုလိုက်နာရန် ကတိကဝတ်ပြုထားသည်များရှိပါသလား။
ရှိသည်ဆိုပါက ထို စာရွက်စာတမ်းများကို ကျွန်ုပ်ထံ copy ပို့ပေးစေလိုပါသည်။

၃။ သင့်အဖွဲ့အစည်းရှိဝန်ထမ်းများသည် context sensitive ချဉ်းကပ်မှုများ သို့မဟုတ် သုတေသနဆောင် ရွက်ခြင်းဆိုင်ရာကျင့်ဝတ်များနှင့်အခြေခံမှုများအကြောင်း သင်တန်းများရရှိထားပါသလား။
ရရှိသည်ဆိုပါက ထိုသင်တန်းတွင်လေ့လာခဲ့ရသည့်အကြောင်းအရာများကို ကျွန်ုပ်ထံ copy ပို့ပေးစေလို ပါသည်။

၄။ Context sensitive သုတေသနချဉ်းကပ်မှုများနှင့်ပတ်သက်၍ ၁) သင်ကိုယ်တိုင်အဓိကလိုအပ်ချက် ၂)သင့် အဖွဲ့အစည်း၏အဓိကလိုအပ်ချက်တွေကဘာတွေပါလဲ။
ဥပမာ – အဖွဲ့အစည်းတစ်ခုလုံးတွင် context sensitivity ဆိုင်ရာကတိကဝတ်ပြုခြင်း သို့မဟုတ် context sensitivity အခြေခံမှုများအား ဝန်ထမ်းများအားလုံးပိုမိုသိရှိနားလည်လာစေခြင်း သို့မဟုတ် လက်တွေ့ကျင့်သုံးခြင်း

၅။ Context sensitive သုတေသနသင်တန်းတွင် မည်သည့် ခေါင်းစဉ်/အကြောင်းအရာ/ကိစ္စရပ်ကို အာရုံစိုက်ဆွေးနွေးသင့်သည်ဟု သင်ယူဆထားသည်များရှိပါသလား။
ဥပမာ – အင်တာဗျူးပြုလုပ်ရာတွင် သို့မဟုတ် အချက်အလက်များလေ့လာဆန်းစစ်ရာတွင် လိုက်နာ ရမည့်ကျင့်ဝတ်များနှင့်အခြေခံမှုများ သို့မဟုတ် အခြားအကြောင်းအရာများ

၆။ သင်တန်းအတွက် သင့်စိတ်ထဲတွင်စဉ်းစားမိသည့်အခြားသင့်လျော်သည့်အချက်များကို ရေးသားပေးပါ။

ဤသင်တန်းလက်စွဲသည်ခက်ခဲသည့်အခြေအနေများတွင်သုတေသနစီမံချက်များကိုချဉ်းကပ်ပြုလုပ်လိုသူအရပ်ဖက်အဖွဲ့အစည်း
သုတေသီများအတွက်၎င်းတို့အပေါ်တွင်ဖြစ်စေ၊သုတေသနတွင်ပါဝင်သူများအပေါ်တွင်ဖြစ်စေအန္တရာယ်မဖြစ်ပေါ်စေရေးနည်း
လမ်းများပေးအပ်ရန်ရည်ရွယ်သည်။ဤသင်တန်းလက်စွဲကိုမြန်မာနိုင်ငံတွင်ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်အသိအမှတ်ပြုခြင်းဆိုင်ရာ
မဟာမိတ်အဖွဲ့ဝင်များနှင့်ပူးပေါင်း၍အကျယ်တဝင့်ရေးသားပြုစုထားခြင်းဖြစ်ပါသည်။အထက်ဖော်ပြပါမိတ်ဖက်အဖွဲ့အစည်းများ
အတွက်အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဇူလိုင်လ၊ ၂၀၂၂ ခုနှစ်တွင် Covenant Consult ကပံ့ပိုးပြီး MRLG ထောက်ပံ့ကူညီခဲ့ကာ
ဤလက်စွဲသည်အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၏ရလဒ်ဖြစ်ပါသည်။


ရန်ပုံငွေပေးအပ်သူ

အကောင်အထည်ဖော်သူ

ပံ့ပိုးကူညီသူ